ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (3-8-2008)(၅၇၅၉)

အတ္တာသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော်　　ဩဂုတ်　　၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မကြာမီအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန်　　ဩဂုတ်　　၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း အတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို လစဉ် ကျင်းပလျက်ရှိကြောင်း၊ ယခု ကဲ့သို့ ကျင်းပရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၏ လုပ်ငန်း လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိဖြေရှင်းပေး နိုင်ရန်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွား ရေးအရ လယ်ယာစိုက်ပျိုးရေး ကို အခြေခံသော စီးပွားရေးဖြစ် ကြောင်း၊ ယခုအခါ လယ်ယာ ကဏ္ဍကို လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း လျက်ရှိကြောင်း၊ စက်မှုနိုင်ငံ ထူထောင်ရေးအတွက် စက်မှု ကဏ္ဍသည် အထူးအရေးကြီး ကြောင်း၊ စက်မှုထွန်းကားလာ မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံဖြစ်လာမည် ဖြစ် ကြောင်း။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးမှုများနေရာတွင် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ခဲ့သဖြင့် အောင်မြင်မှုများ ရရှိခဲ့ ကြောင်း။

ရန်ကုန်တိုင်းအတွင်းရှိ စက်မှု လုပ်ငန်းရှင်များအတွက် ယခု အခါ လျှပ်စစ်ဓာတ်အား ပြည့်ဝ စွာရရှိရေးအတွက် စီစဉ်ဆောင် ရွက်ပေးလျက်ရှိရာ လျှပ်စစ် ဓာတ်အား အပြည့်အဝရရှိချိန် တွင် စက်ရုံများ ကုန်ထုတ်စွမ်း အား အပြည့်အဝ ထုတ်လုပ်နိုင် အောင် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြား သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့*

ခင်ဦး၏ "အမေ့ကျေးဇူး" (ဆောင်းပါး) စာမျက်နှာ-၆

"မိခင်နို့မှာ ပရိုတင်းဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ ဓာတ်ဆားများ၊ ရေများအပြင် ရောဂါကာကွယ်တဲ့ သဘာဝဂုဏ်သတ္တိတွေ ပါတယ်။ မိခင်ရဲ့ နို့ဦးရည်ဟာ ကလေးငယ်အတွက် ပထမဦးဆုံး ရောဂါ ကာကွယ်ဆေးပေါ့။"

ကြေးမုံ
The Mirror
၃-၈-၂၀၀၈
(တနင်္ဂနွေနေ့)

စိုက်ပျိုးရေရရှိရေး ဆည်တမံများဖွင့်လှစ် စပါးနှင့်ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုး

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး ဖူလုံပိုလျှံရေး၊ စားသုံးဆီဖူလုံရေး ရည်မှန်းဖော်ဆောင်လျက်ရှိသည်နှင့်အညီ စိုက်ပျိုးရေရရှိရေး အစီအမံများကိုလည်း အလေးထား စီမံဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် စိုက်ပျိုးမြေ ကျယ်ပြန့်စွာရှိနေသော်လည်း ယခင်က မိုးရေကိုသာမျှော်ကိုးစိုက်ပျိုးခဲ့ရသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အားနည်းခဲ့သည်။ ယခုအခါ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းစသည့် ရေရှားပါးသော နေရာများတွင် ဆည်ကန် ရေလှောင်တမံစီမံကိန်းများကို ရေမြေအခြေအနေပေးမှုနှင့်အညီ တည်ဆောက်ပေးလျက်ရှိရာ စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

မကွေးတိုင်းအတွင်း မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံစီမံကိန်းများကို တည်ဆောက်လျက်ရှိရာ စီမံကိန်းအချို့ ပြီးစီးနေသဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် သီးနှံစိုက်ပျိုးရေးအတွက် အကျိုးပြုလျက်ရှိသည်။ တစ်ချိန်တည်းတွင် ဆည်ကန်တမံငယ်များကိုပါတည်ဆောက်ဖွင့်လှစ်နိုင်၍ စပါးစိုက်ဧကများ တိုးတက်လာသည်ကို တွေ့ရသည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း တည်ဆောက်ပြီးစီးနေသည့် မင်းကန်ရေလှောင်တမံကို ဇူလိုင်လ ၃၀ရက်နေ့ က ဖွင့်လှစ်ခဲ့သည်။ မြိုင်မြို့နယ် မင်းကန်ကျေးရွာအနီးတွင်တည်ရှိပြီး အဆိုပါရေလှောင်တမံ ဖွင့်လှစ်လိုက်သည့်အတွက် ပထမသီးနှံ မိုးစပါး၊ မိုးမြေပဲ၊ ပဲတီစိမ်းနှင့် ဒုတိယသီးနှံ ဆောင်းပဲတီစိမ်း အပါအဝင် ဧကနှစ်ရာကျော် စိုက်ပျိုးနိုင်လျက်ရှိသည်။

မကွေးတိုင်းအတွင်း မိုးစပါးဧက ကိုးသိန်းကျော်၊ နွေစပါးဧက တစ်သိန်းကျော်နှင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ဒေသဆန်ဖူလုံမှုရှိသည်။ တိုင်းအတွင်း၌ မင်းကန်ရေလှောင်တမံ အပါအဝင် ဆည်တမံ ၃၉ခု တည်ဆောက်ပေးထားပြီးဖြစ်ရာ ဆည်ရေသောက် စိုက်ပျိုးဧရိယာဧက နှစ်သိန်းခြောက်သောင်းကျော်ရှိကြောင်း သိရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြု ဆည်တမံစီမံကိန်းများစွာကို ဖြန့်ကြက်တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသခံတောင်သူလယ်သမားများက စပါးနှင့် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထွက်ရှိရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)ရပ်ကွက် စက်မှုဇုန်(၂) မိုးမခ(၃)လမ်းနေ ဦးထွန်းရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Park Key-Chong က ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ တာပေါ်လင်အလိပ် ၈၇၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ တာပေါ်လင်အလိပ် ၈၇၀ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မုန်တိုင်းသင့်ပြည်သူများအတွက်အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr.Park Key-Chong** နှင့် အဖွဲ့သည် ဩဂုတ်၁ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက်တွေ့ဆုံပြီး သံအမတ်ကြီးက ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိတာပေါ်လင်အလိပ် ၈၇၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၂

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ဝါးခယ်မနွယ်ဖွား သံဃာတော် ၁၂ ပါး တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ်(၁၂)၊ စဉ့်အိုးတန်းလမ်း၊လသာမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်မြို့နယ်သားများကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန်လေးစားစွာ ဖိတ်ကြားထားသည်။

အလှူပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒေါ်သိန်းဟန် ဖုန်း-၀၉၉၉-၇၃၇၃၁၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကံမြင့်(ငြိမ်း) ဖုန်း-၅၈၁၀၈၂၊ ဆရာဦးအောင်သန်း ဖုန်း-၃၈၇၃၄၂၊ အတွင်းရေးမှူး ဗိုလ်မှူးဖေသိန်း(ငြိမ်း)ဖုန်း-၀၉၅၀ ၁၂၆၈၀၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉၅၁-၆၆၁၆၄၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမူ ဖုန်း-၀၉၅၀-၅၆၉၇၀၊ တွဲဖက်စာရင်းစစ် ဦးသက်ဆွေ ဖုန်း-၇၀၉၆၀၄၊ အမှုဆောင် ဗိုလ်မှူးသန်းဌေး(ငြိမ်း) ဖုန်း-၀၉၅၁-၃၇၁၉၂နှင့် ဒေါ်ခင်ဆွေရီ ဖုန်း-၃၉၄ ၂၆၈၊ အသင်းတိုက်ဖုန်း-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် **“မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်မှုစီမံကိန်း”**အရ လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ လိုအပ်သည့် အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများပေးနိုင်ရန် ဖွဲ့စည်းထားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ် အမျိုးသားဦးစီးကော်မတီ (National Steering Committee for HPAI Prevention and Control Programme)၏ ပထမအကြိမ် အစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့မီကာဆာဟိုတယ်၌ ကျင်းပရာ ဦးစီးကော်မတီဝင်များဖြစ်ကြသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် FAO မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Shin Imai တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အမျိုးသားစီမံကိန်းလုပ်ငန်း ညှိနှိုင်းရေးမှူး ဒေါက်တာသန်းထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာကျော်ဆန်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှဒေသ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံကိန်းများ ညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidh တို့က မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ယခုစီမံကိန်းအရ တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံတွင် **ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေးမြှင့်တင်ဆောင်ရွက်မှုစီမံကိန်း**အတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၁၃၁၅၃၅၃ ကို ထောက်ပံ့ပေးမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိသုံးနှစ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ လက်တွေ့အသုံးချဆေးဝါး စီမံခန့်ခွဲမှုသင်တန်း (Applied Phaemaceutical Management) အပတ်စဉ်(၅)နှင့် အဆင့်မြင့် လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း (Advanced Applied Phaemaceutical Management) အပတ်စဉ်(၃)တို့ကို ၂၀၀၈ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း အမှတ်(၂၉) UMFCCI Office Tower, Level(5) ရှိ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၂၁၄၈၃၄နှင့် ၂၁၆၂၀၅တို့သို့ ဩဂုတ် ၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၄ ဒသမ ၀၂၉ တန်သည် ဩဂုတ် ၁ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်း ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် သင်တန်းများ စဉ်ဆက်မပြတ်ပို့ချပေးနေသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း အခွန်ပေးဆောင်ထိုက်သည့် ပြည်သူများက ကျသင့်သည့် အခွန်ကို လိုလိုလားလား ပေးဆောင်လာစေရေးအတွက် အခွန်ပညာပေး စည်းရုံးကောက်ခံသွားကြရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် သင်တန်းတွင် ပထမဆုရ ဒေါ်ခင်ပြည့်စုံ၊ ဒုတိယဆုရ ဒေါ်အိအိဖြူ၊ တတိယဆုရ ဒေါ်နွယ်နီဝင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများ ကိုယ်စား ပြင်ဦးလွင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဝင်းမောင်အား သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူး ၆၃ ဦးတို့သည် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ အခွန်လုပ်ထုံးလုပ်နည်းများနှင့် ဗဟုသုတများ၊ အခွန်စီမံခန့်ခွဲမှု ပိုမိုထိရောက်ထက်မြက်စေရန် ရည်ရွယ်သည့် ဆွေးနွေးပွဲများစသည်တို့ကို ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်နှင့် တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်မှုများအပေါ် တင်ပြသည်။

ထို့နောက်ပြည်နယ်နှင့်တိုင်းတာဝန်ခံများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)နှင့် (ရန်ကုန်) တာဝန်ခံများက အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေး သင်တန်းနှင့် အားကစား လေ့ကျင့်ရေးသင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ဝန်ကြီးရုံး)နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဒ္ဒန္တဝေပုလ္လ ဗုဒ္ဓစာပေဆုအတွက် ကျမ်းစာအုပ်များပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း မဟာသာသနဝေပုလ္လကျောင်းမှ ဂျပန်နိုင်ငံသာသနာပြု ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက နောင်လာနောက်သား သံဃာတော်များအတွက် ပရိယတ္တိစာပေပညာအရည်အချင်းမြင့်တင်ရေးအတွက်လည်းကောင်း၊ အနာဂတ်မြန်မာကျောင်းသားများ ပညာရေးတိုးတက် မြင့်မားရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ငွေကျပ်သိန်းတစ်ရာကျော် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ပြီးဖြစ်သည်။

သို့ပါ၍ ဗုဒ္ဓစာပေဆုများကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အတွင်း (ပထမအကြိမ်)အဖြစ် ထုတ်ဝေပြီးသော ထေရဝါဒဗုဒ္ဓဘာသာ ကျမ်းစာအုပ်များမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာကျမ်းစာတစ်မျိုးလျှင် နှစ်အုပ်ကျစီ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မတိက္ခ မဟာသာသနဝေပုလ္လကျောင်းတိုက် မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၃၈၀၈၆၃ သို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) (၅၉)ကြိမ်မြောက်မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ပုဇွန်တောင် မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ အသင်းတိုက်ခန်းမ၌ကျင်းပရာ တစ်နိုင်ငံလုံးရှိ မင်္ဂလာစာဖြေဌာနရှိသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်များ၊ (YMBA) အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွန့်နှင့် အမှုဆောင်များ၊ အလှူရှင်များ၊ အသင်းသားများနှင့် မြို့နယ်အသီးသီးမှ ဆုရကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။ **(အပေါ်ပုံ)** အခမ်းအနားကို မင်္ဂလသုတ် ပရိတ်တရားတော်များ ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွန့်က အမှာစကားပြောကြားကာ အသင်းအတွင်းရေးမှူး ဦးစိန်သန်းက မင်္ဂလာဆုနှင်း သဘင်ကျင်းပနိုင်မှုအကြောင်း တင်ပြသည်။

ဆက်လက်၍ အသင်းနာယကကြီးများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက မင်္ဂလာဆုရတတိယဆင့် အကြီးတန်း ၁၀ ဦး၊ ဒုတိယဆင့် အလတ်တန်း ၂၀ နှင့် ပထမဆင့် အငယ်တန်း ၄၀ တို့အား ဆုချီးမြှင့်ပေးကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ဧရာဝတီတိုင်း ပုသိမ်မြို့ အလက

(၁)မှ မအိပြည့်ပြည့်ဖြိုးနှင့် ပဲခူးတိုင်း ပဲခူးမြို့ ကျေးနီကန်တိုက်အုပ်ကျောင်းမှ မလှခင်နုတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ၂ ရက်က မြို့နယ်အသီးသီးရှိ စာစစ်ဌာနပေါင်း ၅၂၆ ခု၊ ကျောင်းပေါင်း ၇၆၄ကျောင်း၌ မင်္ဂလာစာမေးပွဲကို တတိယဆင့်အကြီးတန်း ၁၉၇၆ ဦး ဝင်ရောက်ဖြေဆိုရာ ၁၂၉၂ ဦး၊ ဒုတိယဆင့် အလတ်တန်း၁၀၂၄၃ ဦး ဝင်ရောက်ဖြေဆိုရာ ၇၀၃၉ ဦး၊ ပထမဆင့် အငယ်တန်း ၃၃၈၁၉ ဦး၊ ဝင်ရောက် ဖြေဆိုရာ ၂၉၈၃၈ ဦး အောင်မြင်ခဲ့ကြသည်။ အောင်မြင်သူ စုစုပေါင်း ၃၈၁၆၉ ဦး အနက် မင်္ဂလာ ထူးချွန်ဆုရရှိသူ ၇၀ ကို ယခု အခမ်းအနား၌ ဆုချီးမြှင့်ခြင်းဖြစ်ပြီး ကျန်အထူးဆုရရှိသူ ၂၁၃၀ နှင့် ရိုးရိုးအောင်မြင်သူ ၃၅၉၆၉ ဦး တို့ကို သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ ဆုများ ဆက်လက်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပိဋကတ်သုံးပုံ စာအုပ်များ လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘိတ္တတ်အုပ်စု၊ မြစ်ပေါက်အုပ်စု မောင်ငယ်အုပ်စုရှိ လေဘေးဒဏ်ခံကြရသော ကျောင်းများ၌ ပျက်စီးသွားသော ပိဋကတ်သုံးပုံစာအုပ်များ အတွက်လှူဒါန်းမည်ဖြစ်၍ အလှူရှင်ကမှည်းထိုးပြီး ပိဋကတ်သုံးပုံတစ်စုံလျှင် ငွေကျပ် ၁၈၀၀၀၀ဖြင့် မည်သူမဆို ဦးနာရဒ(ဘိတ္တတ်) ပုညသီရိအောင် ချမ်းသာကျောင်းတိုက်ကမာရွတ်ဘူတာရုံလမ်း (၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၀၁၃၁၊ ၀၉၈၅၇ ၅၃၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✳ ရှေ့ဖုံးမှ

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းရှင်များအနေဖြင့် လက်ရှိလုပ်ငန်း ကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက် ထူးထူးခြားခြားသတင်းများ

ကမ္ဘာ့ပထမဆုံး လက်မောင်းအစားထိုးတပ်ဆင်မှု ဂျာမန်ဆရာဝန်များ အောင်မြင်

မြူးနစ် ဩဂုတ် ၂

ကမ္ဘာတွင် ပထမဆုံးအဖြစ် ဂျာမန်ဆရာဝန်များသည် အသက် (၅၄)နှစ်အရွယ်ရှိ လူတစ်ယောက်၏ လက်မောင်းနှစ်ဖက်ကို အစားထိုး တပ်ဆင်ပေးခဲ့ရာ အောင်မြင်ခဲ့ကြောင်း မြူးနစ်ဆေးရုံက ပြောကြားသည်။

လွန်ခဲ့သောခြောက်နှစ်ခန့်က မတော်တဆမှုတစ်ခုကြောင့် လက်မောင်း နှစ်ဖက်စလုံး ဆုံးရှုံးသွားသော လယ်သမားတစ်ဦးကို ဆေးဝန်ထမ်းပေါင်း ၄၀ ပါဝင်သောအဖွဲ့က ၁၅နာရီကြာ ခွဲစိတ်၍ အစားထိုး တပ်ဆင်ပေးခဲ့သည်။ အဆိုပါလူနာ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း ဆေးရုံက သောကြာနေ့တွင် ပြောကြားခဲ့သည်။ ***အင်တာနက်***

ကမ္ဘာ့ပထမဆုံး လက်မောင်းအစားထိုးလူသားအဖြစ် မှတ်တမ်းဝင်သွားသော ဂျာမန်လယ်သမားအား လက်မောင်းအသစ်နှင့်အတူ ရွှင်လန်းစွာ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့ဂျာမနီခေတ် နျူကလီးယားပုံးခိုကျင်း အများပြည်သူလေ့လာရန် ဖွင့်လှစ်ပြသ

ဘာလင် ဩဂုတ် ၂

ယခင် အရှေ့ဂျာမနီတွင် နျူကလီးယားတိုက်ခိုက်မှုများ ဖြစ်ပွားပါက တိမ်းရှောင်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် လျှို့ဝှက်ဗုံးခိုကျင်းတစ်ခုကို ယခုအခါ အများပြည်သူ ကြည့်ရှုလေ့လာရန် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ထိုစဉ်က နိုင်ငံအကြီးအကဲဖြစ်သူ အဲရစ်ဟွန်နက်ကာနှင့် အဖွဲ့ဝင် ၄၀၀ တို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့သော အဆိုပါဗုံးခိုကျင်းမှာ အထပ်သုံးထပ်ဖြင့် ဖွဲ့စည်းထားပြီး ၁၉၈၃ ခုနှစ်တွင် တည်ဆောက်ပြီးစီး ခဲ့ရာ ထိုခေတ်က ကမ္ဘာတွင် ခေတ်အမီဆုံး ဗုံးခိုကျင်းတစ်ခုလည်း ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ ဗုံးခိုကျင်းကို ဘာလင်မြို့ အရှေ့မြောက်ဘက် ၁၆မိုင် အကွာရှိ တောအုပ်တစ်ခုအတွင်း မြေအောက်ပေ ၂၃၀ အနက်တွင် တည်ဆောက် ထားသည်။ အခန်းပေါင်း ၁၇၀ ပါဝင်ပြီး လေးလံသော သတ္တုတံခါးများ တပ်ဆင်ထားသည့် လိုဏ်ခေါင်းများဖြင့် ဆက်သွယ်ထားကာ ရေရရှိရေး၊ လေဝင်လေထွက်စနစ်နှင့် ပေါက်ကွဲမှုဒဏ်ခံနိုင်ရေးတို့အတွက် စီမံတည် ဆောက်ထားခဲ့သည်။ အဆိုပါဗုံးခိုကျင်းကို သုံးလကြာ ဖွင့်လှစ်ပြသသွား မည်ဖြစ်သည်။ ***အင်တာနက်***

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (ဒုတိယနေ့)ကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အထူး(က)အဆင့်နှင့် နယ်စပ်ဒေသများရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။
(နယ်စပ်/စည်ပင်)

ထို့နောက် ၂၀၀၇-၂၀၀၈ ခုနှစ် အတွင်း ဆောင်ရွက်ခဲ့သော ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြ၊ ကျေးလက် လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြည်နယ်၊ တိုင်း ညွှန်ကြားရေးမှူးများက ရှင်းလင်း တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များ အပေါ် သုံးသပ်ဆွေးနွေးပြီး လိုအပ် ချက်များကို ညှိနှိုင်းဆောင်ရွက်ပေး သည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြို့ပြ၊ ကျေးလက်ရေ ရရှိရေးလုပ်ငန်း များနှင့် ပတ်သက်၍ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက် ရေး၊ လုံလောက်သော သန့်ရှင်းသည့် ရေရရှိရေးအတွက် ရေရှည်စီမံကိန်း များ ချမှတ်ဆောင်ရွက်ရေးတို့နှင့် စပ် လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေး ညွှန်ကြားရေးမှူး များက ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သော ရေရရှိ ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြ ကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မြို့ပြနှင့်ကျေးလက် ရေရရှိရေးလုပ်ငန်းများအား သတ် မှတ်ထားသော ရည်မှန်းချက်များနှင့် အညီအကောင် အထည်ဖော်နိုင်ရေး လိုအပ်သည်များကို သုံးသပ်ဆွေးနွေး ညှိနှိုင်းပေးသည်။

ထို့နောက် ဩဂုတ် ၂ ရက် နံနက် ၈ နာရီတွင် လုပ်ငန်းညှိနှိုင်းအစည်း အဝေး နောက်ဆုံးနေ့ အစီအစဉ်များ ကို ဆက်လက်ကျင်းပရာ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားရာ၌ စည်ပင်သာယာ ရေးဦးစီးဌာနက တာဝန်ယူ ဆောင် ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းများ၊ မြို့ပြနှင့် ကျေးလက် လမ်း တံတားလုပ်ငန်းများ၊ မြို့ပြနှင့် ကျေးလက် ရေရရှိရေးလုပ်ငန်းများ၊ ရေရှည်တည်တံ့ အသုံးပြုနိုင်ရန် အတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဦးစီးဌာန၊ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့်တို့မှ စနစ် တကျ အဆင့်ဆင့်ကြပ်မတ်ကာ ပြည်သူ များနှင့်အတူ ပူးပေါင်းပိုင်းဝန်းထိန်း သိမ်းသွားရန်၊ မြို့ပြနှင့် ကျေးလက် ဒေသ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် ရာတွင် လုပ်ငန်းပိုမိုသွက်လက် မြန်ဆန်ထိရောက်စေရန် လူ့စွမ်းအား အသုံးပြုရာမှ စက်စွမ်းအား အသုံးပြု သည့် စနစ်သို့ ပြောင်းလဲနိုင်ရေး အတွက် ဆောင်ရွက်သွားရန် မှာကြား ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်နယ်/တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရေဝတီ တတိယရရှိ

ယနေ့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၂

၂၀၀၈ ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တတိယ နေရာ လုပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိသွားသည်။

ဧရာဝတီတိုင်း လေးဂိုး

(ဌေးဌေးဦး နှစ်ဂိုး၊ သန္တာမိုးနှင့် အေးငြိမ်းသူ တစ်ဂိုးစီ)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဂိုးမရှိ

အကောင်းဆုံးဆု သန္တာမိုး (ဧရာဝတီတိုင်း)

ဒိုင်လူကြီး ဒေါ်စန်းစန်းမြင့်

ဧရာဝတီတိုင်းအသင်းမှာ ဂိုးသွင်း သေချာမှုကြောင့် ဂိုးပြတ်အနိုင်ရရှိကာ တတိယနေရာ ရောက်ရှိသွားသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှာ ကြိုးစားယှဉ်ပြိုင်သော်လည်း အတွေ့ အကြုံနည်း၍ ရှုံးခဲ့ရသည်။ ဧရာဝတီ တိုင်းအတွက်အနိုင်ဂိုးများကို ၃၃မိနစ် နှင့်၈၆မိနစ်တွင် ဌေးဌေးဦး၊ ၁၇မိနစ် တွင် သန္တာမိုးနှင့် မိနစ် ၆၀ တွင် အေးငြိမ်းသူတို့က သွင်းယူခဲ့ကြသည်။

ယနေ့ပွဲ

(ဗိုလ်လုပွဲ)

ညနေ ၃နာရီ (အောင်ဆန်းကွင်း)

ရန်ကုန်တိုင်း နှင့် မန္တလေးတိုင်း
(ကြေးမုံ)

ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနှင့် ဧရာဝတီတိုင်း အသင်းတို့ တတိယနေရာ အတွက် အကြိတ်အနယ်ယှဉ်ပြိုင် ကစားကြစဉ်။ (ကြေးမုံ)

ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းများ ဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက်အခြေခံပညာကျောင်း အားလုံးတွင် ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန် ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၀၈ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ သတ်မှတ် ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းနှင့် ကျောင်းတွင်း အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း စသည့် ကျောင်းကျန်းမာရေးလုပ်ငန်း(၅)ရပ်ကို ဆောင်ရွက် သွားကြရန်နှင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ ပြည့်မီရေးအတွက် မိဘများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထား ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်စည်စီးဆင်းမှုနှင့် ဒေသဖွံ့ဖြိုးမှု အကျိုးပြုမည့် သီပေါမြို့နယ်မှ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီး

သတင်းဓာတ်ပုံ -သီပေါကိုလတ်

မန္တလေး - လားရှိုး - မူဆယ်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် သီပေါမြို့ တည်ရှိသည်။ သီပေါမြို့ကို ဒုဋ္ဌဝတီမြစ်က အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့မှ ဝန်းရံကွေ့ဝိုက်စီးဆင်းနေသည်။ လားရှိုး၊ မူဆယ်ဘက်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဘက်သို့သွားလိုလျှင် ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကူး၍သွားရသည်။ ထို့အတွက်လိုအပ်သော ဒုဋ္ဌဝတီမြစ်ကူးဘေလီတံတားအမျိုးအစားကို ၁၉၄၆ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ တံတားဆောက်လုပ်၍ အသုံးပြုလာခဲ့စဉ် နှစ်၄၀ခန့်အကြာ ၁၁-၁၀-၈၆ ရက်နေ့တွင် ဒုဋ္ဌဝတီမြစ်ရေကြီးစဉ် ၎င်းတံတားကြီး ရေထဲမျောပါသွားခဲ့သည်။ အလယ်အုတ်ဘုတ်တိုင်ကြီး နှစ်ခုသာ ကျန်ရစ်သည်။ ၂၉-၁၀-၈၆ရက်နေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းမှ ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည်။ အရှည်ပေ ၄၇၀၊ အကျယ် ၁၂ ပေရှိပြီး ခံနိုင်ဝန်အားမှာ တန်၃၀ ဖြစ်သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ ဖွင့်လှစ်လိုက်သော ဈေးကွက်စီးပွားရေးစနစ်အရ ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်လာသည်။ လမ်းတံတား

လက်ရှိအသုံးပြုနေသော သီပေါဒုဋ္ဌဝတီမြစ်ကူး တံတားဟောင်းကို တွေ့ရစဉ်။



ဆက်သွယ်မှုများ အရေးပါလာသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်ပစ္စည်းများနှင့် မြန်မာ့ထွက်ကုန်မျိုးစုံတို့ကို သယ်ဆောင်၍ မော်တော်ယာဉ်မျိုးစုံတို့သည် ၎င်းတံတားပေါ်မှ အချိန်ပြည့် အစုန်အဆန် ဖြတ်သန်းမောင်းနှင်ခဲ့ကြသည်။ ထိုအခါ တန် ၃၀ခံနိုင်ဝန်အားနှင့် မမျှတတော့ချေ။ မကြာခဏတံတားပျက်စီးတတ်၍ အသေးစား ပြင်ဆင်မှုများကိုပြုလုပ်ကာ အသုံးပြုခဲ့ကြရသည်။ ထို့အပြင် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလဆန်းမှစ၍တန်၃၀ထက်ပိုသော အတက်ကုန်ပစ္စည်းများကိုသီပေါမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်တွင် လည်းကောင်း၊ တန် ၃၀ထက်ပိုသော အဆင်းကုန်ပစ္စည်းများကိုစင့်အင်တံတား၏ဟိုဘက် လားရှိုးမြို့နယ်တွင်လည်းကောင်း ကဲ့ပြောင်းစေခဲ့သည်။ ထိုကဲ့ပြောင်းသယ်ဆောင်ခဲ့သော အတက်ကုန်များကို စင့်အင်တံတားအကျော်နှင့် အဆင်းကုန်များကို သီပေါ ဒုဋ္ဌဝတီမြစ်ကူး တံတားအလွန် တိုးဂိတ်တို့တွင် အသီးသီး ပြန်လည်တင်ဆောင် မောင်းနှင်သွားလာခဲ့ကြရသည်။

စတင်တည်ဆောက်နေသော သီပေါဒုဋ္ဌဝတီ မြစ်ကူး တံတားသစ်ကြီး၏ လုပ်ငန်းခွင်ကို ဇွန်လ ပထမပတ်အတွင်းက တွေ့ရစဉ်။

ထိုကဲ့သို့သော အခြေအနေမှနေ၍ ပိုမိုအဆင်ပြေတော့မည့် သီပေါဒုဋ္ဌဝတီ မြစ်ကူးတံတားသစ်ကြီးကို ၂၀၀၈ခုနှစ် မေလ ၂ ရက်နေ့မှ စတင်ဆောက်လုပ်နေပြီဖြစ်သည်။ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် သံကူကွန်ကရစ်တံတား ဆောက်လုပ်ရေး စီမံကိန်း (မန္တလေး-လားရှိုး)မှ တာဝန်ယူ တည်ဆောက်နေခြင်း ဖြစ်သည်။ ပေအရှည် ၅၆၉ ပေနှင့် အကျယ် ၃၈ ပေ (ဘေးနှစ်ဖက်လူသွားလမ်းပါ တံတားကြီး) ဖြစ်သည်။ တင်နိုင်အားကုန်အလေးချိန် တန် ၆၀ ဖြစ်ပြီး သံကူကွန်ကရစ်ဘုတ်တိုင်အုတ်မြစ် သံမဏိသံပေါင်တံတားသစ်ကြီးဖြစ်ပေသည်။ လက်ရှိအသုံးပြုနေသော ဘေလီတံတားကြီး၏ အရှေ့ဘက်၌ တည်ရှိသည်။

၎င်းသီပေါဒုဋ္ဌဝတီ မြစ်ကူးတံတားသစ်ကြီးကို ၂၀၁၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်ဖွင့်လှစ်သွားနိုင်ရန် စီမံတည်ဆောက်နေကြောင်း၊ အင်ဂျင်နီယာပိုင်း၊ လုပ်သားပိုင်းနှင့် စက်ယန္တရားပိုင်းများဖြင့် လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု တံတားသစ်ကြီး ပြီးစီးသွားပါက ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ ဆက်သွယ်မှု လမ်းကြောင်းနှင့် မြန်မာ-တရုတ် ကုန်စည် စီးဆင်းမှုအပိုင်းများ၌ ပိုမိုလျင်မြန်သွက်လက်လာပြီး ဒေသဖွံ့ဖြိုးရေးအတွက်ပါ အကျိုးရှိလာမှာ ဖြစ်ကြောင်းဖြင့် တံတားဆောက်လုပ်ရေးစီမံကိန်း တာဝန်ခံ အင်ဂျင်နီယာဦးမြင့်ဝေက ရှင်းလင်းပြောပြသည်။ သီပေါဒုဋ္ဌဝတီမြစ်ကူးတံတားသစ်ကြီး တည်ဆောက်နေစဉ် မြစ်အရှေ့ဘက် မြို့ဟောင်းနှင့် မြစ်အနောက်ဘက် ဈေးရပ်အောက်ပိုင်းတို့တွင် ယာယီဖောတံတား ဆောက်လုပ်၍ ကုန်တင်ယာဉ်ကြီးများ ဖြတ်ကူးနိုင်ရန်လည်း စီစဉ်လျက်ရှိသည်။ ကုန်တင်ယာဉ်ကြီးများ ယခုကဲ့သို့ ကုန်ပြောင်းကုန်ကဲ့စရာ မလိုတော့ဘဲ ၎င်းဖောတံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်းသိရသည်။ ။

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂

အလုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီစာရေးများနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြပြီး ဦးစီးမှူး ဒေါ်ခင်မမက စာကြည့်တိုက်သဘောသဘာဝနှင့် တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စာထောက်(၃) ဒေါ်စိန်စိန်သန်းက စာကြည့်တိုက် လက်တွေ့ဆောင်ရွက်ပုံများကိုရှင်းလင်းကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဓမ္မပိယရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ဓမ္မပိယသာသနာ့ရိပ်သာ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်) ဩဂုတ် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ရိပ်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း၊ဝါဆိုဆွမ်း အလှူရှင်များ ကြွရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

အရှင်စန္ဒသာရ(ကျောင်းကုန်း) ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမရွှေကျင်ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိသုဒ္ဓါရုံ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယဆရာတော် အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်သူမြတ်သည် ဩဂုတ် ၇ ရက် မှ ၁၆ရက်အထိသာကေတအောင်စကြာ မိုးကုတ်ဓမ္မရိပ်သာနှင့် မိုးကုတ်ယောဂီဒေါ်အေးမြင့်၏ မွေးနေ့ကုသိုလ်တရားတော်အဖြစ် ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ ကြည့်မြင်တိုင် မြို့နယ်စလင်းကျောင်းတိုက်သုခါဝါသမိုးကုတ်ရိပ်သာကြီးတို့တွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ပြီး ဆက်သွယ်လိုပါက ဖုန်း-၀၄၆-၄၀၄၉၈၊ ၀၄၆-၄၀၁၆၄၊ ၀၉-၅၁၄-၇၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "တစ်မိုးအောက်အတူ"
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၉။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၃၅ ၁၃။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ (အပိုင်း-၅၀)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ Emirates Cup-2008 ဘောလုံးပွဲ -Arsenal Vs Real Madrid. (Live)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အမေ့ကျေးဇူး

ခင်ဦး

အမေရေ -

သမီးသတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်။ တိုက်နယ်ဆေးရုံလေးမှာ သမီးပျော်တယ်အမေ။ ရွာခံလူကြီးများကလည်း သမီးကို မိဘသဖွယ်စောင့်ရှောက်ပေးကြပါတယ်။ အမေရေ - သမီးတို့အားလုံး အခုအလုပ်များနေကြတယ်။ ဩဂုတ်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိဟာ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လေ။ မိခင်နို့ကို သန့်သန့်ရှင်းရှင်း ကျန်းမာရေးနဲ့ညီညွတ်စွာ စနစ်တကျတိုက်ကျွေးရေးအတွက် အမေတွေ အသိပညာရှိဖို့၊ နားလည်ဖို့ သမီးတို့က ဟောပြောပွဲတွေ၊ အိမ်တိုင်ရာရောက် ရှင်းလင်းပွဲတွေ၊ နံရံကပ်စာစောင်နဲ့ ဓာတ်ပုံပြပွဲတွေ လုပ်နေကြတယ်အမေ။



အဲဒီအလုပ်တွေလုပ်ရင်းနဲ့ အမေ့ကို တအားသတိရတာပဲ။ အမေ့ရဲ့ အနံ့၊ အမေ့ရဲ့အရိပ်၊ အမေ့ရဲ့အရောင်တွေကို လွမ်းမိတယ်။ အမေကတော့ပြောမှာပဲ ညည်းတို့ပဲ အလုပ်ရှာနိုင်လွန်းတယ်။ နို့တိုက်တာပဲ ရေးကြီးခွင်ကျယ်လုပ်လို့လို့ ပြောမှာပဲနော်။ သမီးက အမေ အသက်ကြီးမှမွေးတဲ့ သမီးဆိုပြီး အမေအချစ်ပိုတာ၊ မွေးကတည်းက ကျောင်းစတက်တဲ့အချိန်အထိ အမေ့နို့ကို စို့ခဲ့ရတာ၊ အမေဈေးရောင်းတဲ့ နေရာအထိလိုက်ပြီး နို့စို့ခဲ့ရတာတွေ မမေ့ပါဘူး အမေ၊

အမေ့ရဲ့နို့ချိုချိုတွေဟာ သမီးအတွက် အချိန်မရွေး၊ နေရာမရွေး အဆင်သင့်ဖြစ်နေခဲ့တာတွေ တရေးရေး ပြန်တွေးရင်း အမေ့ကျေးဇူးတွေကို အောက်မေ့တသနေမိတယ်။ ပင်ပင်ပန်းပန်း ရှာဖွေကျွေးမွေးခဲ့တဲ့အပြင် နို့မှုန့်မကူ အခြားနို့မစွက်ဘဲ အမေ့နို့စစ်စစ် တစ်မျိုးတည်းကိုသာ မက်မက်စက်စက်သောက်ခဲ့ရတဲ့ အမေ့သမီးလေးက ကံကောင်းတာပေါ့နော်။

အမေရေ၊ အခုခေတ်က အမေတို့ခေတ်နဲ့ မတူဘူး၊ မြားမြောင်လှတဲ့ အိမ်ထောင့်တာဝန်၊ စားဝတ်နေရေး တာဝန်တွေနဲ့ ပိနေတဲ့ အမေများ အဖို့တော့ နို့ဘူးတွေကို လွယ်လင့်တကူ တိုက်ကုန်ကြပြီ။ အလုပ်များ၊ ပျက်မှာစိုးလို့၊ မအားလို့၊ စိတ်မရှည်လို့ ဆိုတာတွေလည်း ပါတာပေါ့။ ရောဂါတွေကလည်း အမျိုးမျိုးဆန်းပြားတယ် အမေရေ။ သမီးတို့ရဲ့ တိုင်းပြည်အတွက် မျိုးဆက်သစ်ကလေးတွေက **"ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး သင်လည်းတစ်ဦး၊ သားထူးသားမြတ်ဖြစ်အပ်ရာတည်း"** ဆိုတဲ့ စာဆို အတိုင်းပဲ။ ကျန်းမာသန်စွမ်းပြီး တကယ်အားထားရမယ့် သားကောင်း သမီးမွန်ဖြစ်ဖို့ကတော့ မွေးစကလေးဘဝဟာ အရေးကြီးဆုံးပါပဲ။ အမေ့ နို့ချိုအေးအေးလေးတွေကို စနစ်တကျ နည်းမှန်လမ်းမှန် စို့ခဲ့ရတဲ့ ကလေးများအဖို့ဟာ **အစကောင်းတဲ့ကလေးတွေ** လို့ ပြောရမှာပဲအမေ။

မိခင်နို့မှာ ပရိုတင်းဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ ဓာတ်ဆားများ၊ ရေများအပြင် ရောဂါကာကွယ်တဲ့ သဘာဝဂုဏ်သတ္တိတွေပါတယ် အမေရဲ့။ မိခင်ရဲ့ နို့ဦးရည်ဟာ ကလေးငယ်အတွက် ပထမဦးဆုံး ရောဂါကာကွယ်ဆေးပေါ့။ ကလေးအသက် လေးလပြည့်တဲ့အထိ အခြားမည်သည့် အစာမှ မကျွေးဘဲ တိုက်ပေးရမယ်။ အမေကတော့ ပြောမှာပဲ ငါ့သမီးကတော့ မူလတန်းကျောင်းတက်တဲ့အထိ နို့စို့တုန်း ဆိုတာလေ။

ကလေးစို့နိုင်သလောက် မိခင်လည်းနို့ထွက်တဲ့အချိန်အထိ တိုက်နိုင်တာပေါ့အမေရယ်။ နောက်ပြီး အစာကြေလွယ်ခြင်း၊ allergy မဖြစ်စေခြင်း စတဲ့ အကျိုးထူးတွေရမယ်ပေါ့။ အမေ့ရင်ခွင်မှာ အမေ့နို့သီးတစ်ဖက်ကိုကိုင်ပြီး အမေ့နို့ကိုစို့ရတာ အမေနဲ့ သား သမီးမေတ္တာဓာတ်တွေ ပိုများပြီး သံယောဇဉ်တွယ်စေတာပေါ့။

နောက်ပြီးတော့လေ သမီးတို့က မိခင်နို့စနစ်တကျတိုက်ကျွေးတတ်ဖို့ မိခင်တိုင်းကို အသိပညာပေးရတယ်။ အဓိကကတော့ အမေရယ် **မိခင်တွေက ကိုယ်ဝန်ဆောင်စဉ်ကတည်းက မိခင်နို့အောင်မြင်စွာ တိုက်ကျွေးနိုင်ရေးအတွက် အာဟာရပြည့်အောင်စားရမယ်။ မိမိရဲ့သားမြတ်ကို ပြုပြင်ရမယ်။ တစ်ကိုယ်ရေသန့်ရှင်းမှု အမြဲပြုလုပ်ရမယ်။ ကလေးမီးဖွားပြီးလျှင်လည်း မွေးဖွားပြီးတာနဲ့ တတ်နိုင်သမျှ အစောဆုံး မိခင်နို့တိုက် ကျွေးပေးဖို့ အရေးကြီးဆုံး** ပဲအမေ၊ အနေအထားမှန်စွာ ပွေ့ချီပြီး၊ အမေ့ရဲ့ သားမြတ် အမဲကွင်းအထိ ကလေးပါးစပ်ထဲထည့်ပြီး စို့စေရမယ်။ ဒါမှ ကလေးက မိခင်နို့ကို အခက်အခဲမရှိ စို့နိုင်မှာအမေရဲ့။

သမီးငယ်ငယ်က မှတ်မိသေးတယ်။ အမေက ရှေ့မှာ ဈေးရောင်း၊ သမီးကအမေ့နို့ကို ကျောဘက်ကိုဆွဲပြီး နောက်က စို့တာလေ။ မိခင်တွေ အနေနဲ့ ကလေးဆာတိုင်းလည်း တိုက်ပေးရမယ်။ ချိုလိမ်တို့၊ နို့သီးခေါင်း အတုတို့ကို စို့စေပြီး ကလေးကို နှစ်သိမ့်တာတွေ အားမပေးဘူးအမေရေ။ နောက်ပြီး ကလေးငါးလထဲဝင်လာရင် ဖြည့်စွက်အစာကျွေးပြီး မိခင်နို့ကို ပုံမှန်တိုက်ရမယ်။ ကလေးနှစ်နှစ်ပြည့်တဲ့အထိ မိခင်နို့ကို တိုက်ကျွေးရမယ်။ သမီးလို ကလေးမျိုးကတော့ အရွယ်ကြီး ကြီးနေတာတောင် မထွက်တော့တဲ့ အမေ့နို့ကိုကိုင်ပြီးမှ အိပ်တာနော်၊ အမေက သမီးကိုခေါ်တယ်လေ "နို့ရူးမလေး" တဲ့။

ကလေးတွေကို နို့တိုက်ဖို့နဲ့ ပတ်သက်ပြီး မိခင်တွေကို သမီးတို့ ပြောပြောနေတဲ့ စကားက စော-ကြာ-နှိုး-တဲ့။

မိခင်တွေက ကိုယ်ဝန်ဆောင်စဉ်ကတည်းက မိခင်နို့ အောင်မြင်စွာ တိုက်ကျွေးနိုင်ရေးအတွက် အာဟာရပြည့်အောင် စားရမယ်။ မိမိရဲ့ သားမြတ်ကို ပြုပြင်ရမယ်။ တစ်ကိုယ်ရေသန့်ရှင်းမှု အမြဲပြုလုပ်ရမယ်။ ကလေးမီးဖွားပြီးလျှင်လည်း မွေးဖွားပြီးတာနဲ့ တတ်နိုင်သမျှ အစောဆုံး မိခင်နို့တိုက်ကျွေးပေးဖို့ အရေးကြီးဆုံး။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ

World Breastfeeding Week

(1-8-2008 to 7-8-2008)

Mother Support: Going for the Gold!

"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"

ကျန်းမာရေးဝန်ကြီးဌာန

မိခင်နို့ရည် ရင်သွေးဆီသို့

သားတို့ရှုပ်ရည်၊ ကြံ့ခိုင်ကြည်အောင်
နို့ရည်တိုက်ကျွေး၊ ကျန်းမာရေးမို့
ရင်သွေးတို့တွင်၊ ရောဂါစင်ရာ
မိခင်နို့သာ၊ စွမ်းထက်တာကြောင့်
အာဟာရစစ်၊ ဆေးလည်းဖြစ်ကာ
စနစ်တကျ၊ တိုက်ကျွေးပါက
ကမ္ဘာ့ မူသစ်၊ ဝါဒဖြစ်၍
ရင်နှစ်သည်းချာ၊ ရတနာအား
နှိုင်းရာမရှိ၊ သန့်စင်ဘိသည့်
မိမိရင်မှ၊ နို့ချိုမြကို
ပြည့်ဝစေတနာ၊ နွေးထွေးစွာဖြင့်
မေတ္တာရောယှက်၊ သဒ္ဓါဖက်၍
နို့စက်သွင်သွင်၊ မြတ်မိခင်တို့
နို့ချိုတိုက်ကျွေး ကြပါစို့။

နန်းမွန်ဟိန်း

စောစောတိုက်ပါ
ကြာကြာတိုက်ပါ
ဆာတိုင်းတိုက်ပါ
နေ့ရောညပါနှိုးတိုက်ပါ
မိခင်နို့တစ်မျိုးတည်းသာတိုက်ပါတဲ့ ။

မိခင်နို့ကိုတိုက်တဲ့အတွက် ကလေးများအဖို့ အကျိုးများတဲ့အပြင် အမေတွေအတွက်လည်း အကျိုးကျေးဇူးတွေ အပုံအပင်ပဲ။ သားအိမ်ကျုံ့စေတယ်၊ နို့ကိုအလွယ်တကူရရှိတယ်။ နို့မှုန့်ဝယ်စရာ မလိုတော့ ပိုက်ဆံမကုန်ဘူးပေါ့။ အချိန်ရွေးစရာမလိုဘဲ အလုပ်သက်သာတယ်။ ကရိကထမများဘူး အမေရဲ့။ ခရီးသွားတဲ့အခါ ကလေးနို့ဆာလာရင် အသင့်တိုက်လိုက်ရုံပဲ။ နို့မှုန့်ဘူးတို့၊ ပုလင်းတို့ ဆောင်စရာမလိုဘူးပေါ့။ အစဉ်အမြဲ သန့်ရှင်းလတ်ဆတ်နေတယ်။ နို့ချဉ်မှာကို မပူရဘူးနော်၊ ခန္ဓာကိုယ်ထဲက လတ်လတ်ဆတ်ဆတ် အာဟာရပြည့်ဝတဲ့ နို့ရည်ကို အချိန်မရွေး စို့လို့ရတယ်နော် အမေ။ ပြီးတော့လဲ ကလေးကို နို့တိုက်တဲ့ အတွက် မိခင်တွေမှာ သားဆက်ခြားစေတဲ့အပြင် အမျိုးသမီးတိုင်း ကြောက်ကြတဲ့ ရင်သားနဲ့ သားအိမ်ကင်ဆာဖြစ်ပွားမှု နည်းစေတယ် အမေရဲ့။

အမေကတော့ပြောမှာပဲ။ ငါ့သမီးက ဆရာဝန်မကြီးဖြစ်မှ အမေကို ဆရာလုပ်နေတယ်လို့လေ။ အမေရယ် တလွဲမထင်ပါနဲ့နော်။ အမေ့ကို တိုင်တည်ပြီး တစ်နိုင်ငံလုံးက အမေများကို ရည်ရွယ်ပြီး ပြောနေတာပါ။

သမီးတို့ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဆောင်ပုဒ်ကလေ **"မိခင်နို့ စနစ်တကျ တိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"**တဲ့။

အမေ- စာလည်းရှည်သွားပြီ၊ သမီးလည်း ဟောပြောပွဲအတွက် ပြင်ဆင်ရဦးမယ်။

အမေကျန်းမာချမ်းသာပါစေ-

အမေ့အားရှိခိုးကန်တော့လျက်
ချစ်သမီး-
ဒေါက်တာနွေးနွေးထွေး
ဆင်တဲကျေးရွာ
တိုက်နယ်ဆေးရုံ

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများလှူဒါန်းပွဲတက်ရောက် ကျိုက္ခမီ၊ စက်စဲကမ်းခြေသန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂

လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများလှူဒါန်းပေးပို့ခြင်း၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေသန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ဝတ်စုံထောက်ပံ့ပေးခြင်းအခမ်းအနားတို့ကို ဇူလိုင် ၄ ရက်တွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး စက်စဲကမ်းခြေသန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ကျိုက္ခမီ၊ စက်စဲကမ်းခြေသန့်ရှင်းရေးတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံကြသည်။ **(ယာပုံ)** ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများလှူဒါန်းကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ပိုက်မျိုးစုံ ၁၀၀၊ မော်လမြိုင်မြို့ ဆန်ပွဲရုံများက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ မော်လမြိုင်မြို့နယ်က ငွေကျပ် ၁၅၄၈၀၇၀၀ တန်ဖိုးရှိ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ မုဒုံမြို့နယ်က ငွေကျပ် ၃၅၇၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ သံဖြူဇရပ်မြို့နယ်က ငွေကျပ် ၂၉၇၆၄၀၀၀ တန်ဖိုးရှိ အဝတ်အထည်နှင့် လူသုံးကုန် ပစ္စည်းမျိုးစုံ၊ ပေါင်မြို့နယ်က ငွေကျပ် ၁၅၂၅၈၀၀တန်ဖိုးရှိ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းလေဘေးသင့်ဒေသများသို့ ပေးပို့မည့် ဆန်၊ အဝတ်အထည်နှင့် ကုန် ပစ္စည်းမျိုးစုံတို့ကို ကုန်တင်ယာဉ်ကြီးပေါ်သို့ သယ်ဆောင်တင်ပို့နေမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲနှင့် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးလှကြည်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိပြီး တစ်ထပ်အုတ်နံရံကပ် အဆောက်အအုံဖြစ်သည်။ ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းအောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံအစုံ ၂၀၀ ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးလှမြင့်တို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ကျောင်းအုပ်ဆရာကြီးများက အသင်းဝင်အဆိုပြုလွှာ စုစုပေါင်းအစောင် ၂၀၅၀ ကို ပေးအပ်ကြသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ပညာရေးမှူး ဦးဘရီက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက်၊ အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre **သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

(တနင်္လာမှသောကြာ)- ၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ

(စနေ၊ တနင်္ဂနွေ)- ၈း၀၀ နာရီမှ ၁၂း၃၀ နာရီထိ

၄-၈-၂၀၀၈ (တနင်္လာနေ့)

* Inter-ASEAN Socio-Economic and Security Co-operation
  -သမိုင်း(ပ၊ဒု၊တ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်) ကျောင်းသား/သူများ
* Water, Water Pollution and Its Treatment
  အများပြည်သူများ

၅-၈-၂၀၀၈ (အင်္ဂါနေ့)

* မြန်မာနိုင်ငံမူးယစ်ဆေးဝါးဥပဒေနှင့်နိုင်ငံတော်၏လက်တွေ့ဆောင်ရွက်ချက်
  - အများပြည်သူများ
* မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  -တတိယနှစ်ဥပဒေပညာအထူးပြုအဝေးသင်တက္ကသိုလ်ကျောင်းသား/သူများ

၆-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

* အမျိုးနှင့်အမျိုးစောင့်တရား
  - ပထမနှစ်အထူးပြုအားလုံး၊ နေ့ ကျောင်းသား/သူများ
* ပုဂံခေတ်လူ့အဖွဲ့အစည်း
  - တတိယနှစ်မြန်မာစာအထူးပြုကျောင်းသား/သူများ

၇-၈-၂၀၀၈ (ကြာသပတေးနေ့)

* The Role of Psychology in Regional development
  -စိတ်ပညာအထူးပြုအဝေးသင်၊ နေ့ကျောင်းသား/သူများ၊
  အများပြည်သူများ
* Methods of Integration
  - ပထမနှစ်သိပ္ပံနေ့ ကျောင်းသား/သူများ

၈-၈-၂၀၀၈ (သောကြာနေ့)

* လျှပ်စစ်ဗို့အားနှင့် ခါတ်လိုက်ခြင်း
  - ပထမနှစ်ရူပဗေဒအထူးပြုအဝေးသင်/နေ့ ကျောင်းသား/သူများ
  အများပြည်သူများ
* ပုစွန်အကြောင်းသိကောင်းစရာ
  -အများပြည်သူများ

၉-၈-၂၀၀၈ (စနေနေ့)

* Urban Impacts
  - ဒုတိယနှစ် ပထဝီဝင်အထူးပြုကျောင်းသား/သူများ
* World Cities
  - ဒုတိယနှစ် ပထဝီဝင်အထူးပြုကျောင်းသား/သူများ
* Geography of Developing Countries Regional Geography of Chile
  - ဒုတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား/သူများ
* Map Projection (Gnomonic Projection)
  - ဒုတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား/သူများ
* Regional Geography of Egypt
  - ဒုတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား/သူများ
* URBAN Geography,The Dynamics of URBAN Systems
  - ဒုတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား/သူများ
* Geography of Developed Countries Economic Activities of Japan
  - ဒုတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား/သူများ

၁၀-၈-၂၀၀၈ (တနင်္ဂနွေနေ့)

* Psychological Research
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ
* Industrial / Organizational Psychology I/O Psychology
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ
* Treatment And Services
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ
* Psychological Statistics Measure of Central Tendency
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ
* Sport Psychology- Attention , Arousal and Anxiety in Sport
  - တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား/သူများ
* Mood Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ
* Psychology of Management
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ

ဖူးမြော် ကြည်ညို

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော် စေတီတော်မြတ်ကြီး၏မြောက်ဘက် အာရုံခံတန်ဆောင်း၌ ကိန်းဝပ် စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ တွံတေးမြို့ရှိ ဗောင်းတော်ချုပ်ဘုရားသို့ နံနက် ၇ နာရီတွင် ရောက်ရှိ၍ ရှေးဦးစွာ စူဠာမုနိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဗောင်းတော်ချုပ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသအမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လေးမျက်နှာဘုရားအားဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံ တည်ဆောက်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တွံတေးမြို့ မဟာဗောဓိ စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး မဟာဗောဓိစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည်ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀နာရီတွင် တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော် စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် စေတီတော် မြောက်ဘက်အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ဆက်ကပ်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အထက်ပစ္စယာရှိ အောင်ဓာတ်ပေါင်းစု ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်အထွတ်သို့ တက်ရောက်ကြပြီး မုန်တိုင်းဒဏ်ကြောင့် အနည်းငယ် တိမ်းစောင်းသွားသည့် စေတီတော်၏ထီးတော်အားပြန်လည်တည့်မတ်ပြုပြင်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးရာ ပညာရှင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် စေတီတော်ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စေတီတော်အထက်ပစ္စယာနှင့် စေတီတော်ရင်ပြင်တို့မှ လက်ယာရစ် လှည့်လည်ပြီး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မေရုဒအောင်မြေတန်ဆောင်းရှိ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ ရုံးခန်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ဂေါပကအဖွဲ့ရုံး အဖွဲ့မှူး ဦးမြင့်စိုးက မုန်တိုင်းဒဏ်ကြောင့် စေတီတော်၏ ထီးတော်၊ အရံစေတီများ၊ တန်ဆောင်းများ၊ သာသနိကအဆောက်အအုံများ ပျက်စီးမှု၊ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက တွံတေးမြို့ရှိ မြို့ကွက်သစ်ဖော်ထုတ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ချမ်းမြေ့ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် မွေးနေ့မင်္ဂလာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့်မွေးနေ့မင်္ဂလာပူဇော်ပွဲနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော စာရေးတံမဲလှူဒါန်းပွဲကို ဩဂုတ်၉ရက် (စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ သာသနာရေးအနိုင်ရ ဘဏ္ဍာ/အခွန်နှင့်ကျန်းမာရေး နှစ်ဂိုးစီသရေကျ

နေပြည်တော် ဩဂုတ် ၂

၂၀၀၈ခုနှစ်၊ ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုတ်စုပတ်လည် ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (င)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး နေပြည်တော်ပျဉ်းမနားပေါင်းလောင်း အားကစားကွင်း၌ (င)အုပ်စုမှသာသနာရေးဝန်ကြီးဌာန ဘောလုံးအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့်မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်ကြည့်ရှု အားပေးကြသည်။

၄-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(စ)အုပ်စုမှ

ကာကွယ်ရေးနှင့်လူမှုဝန်ထမ်း

(ပေါင်းလောင်းကွင်း)

(စ)အုပ်စုမှ

ရှေ့နေချုပ်ရုံးနှင့်လူဝင်မှုကြီးကြပ်ရေး

(၁၀၇)

ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်းနေ ဦးပေါက်ဖော်-ဒေါ်ကျင်လှ၊ သားကိုသိန်းအောင်-မသက်ခိုင်စော၊ မြေးမသဇင်ထက်၊ မသဇင်ထွန်း မိသားစုက ကိုသိန်းအောင်(၃၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု ငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တဇဋိလထံရေစက်ချအနုမောဒနာတရား နာယူပြီး တီ-နီ (ရန်ကုန်ဌာန) လ/ထ အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"လူကြီးနဲ့ လူအို"တရားတော် (ဆရာတော်ဦးသုဇာတ)
၇း၅၅-၁း၅၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	Activities In The City (ရိုးရှင်းသောဘဝရဲ့ ပျော်ရွှင်မှုမိတ်ဆက်ပွဲနှင့် ကရုဏာရှေးရှု မြန်မာမှုအလှူငွေပေးအပ်ပွဲ
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းငွေး)
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	Euro Goals
၉း၄၀-၃း၄၀	တေးဂီတအစီစဉ်
၉း၄၅-၃း၄၅	သိမြင်သုတတိုးပွားစေရာ ဆင္ဃသင်္ဂါယနာ မော်ကွန်းပြတိုက်မှာ
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	ရွှင်မြူးသီကြွေး ကဗျာတေး (မောင်ရေခဲ)
၁၀း၂၀-၄း၂၀	သွားမယ် စားမယ် (THAI SAWADEE RESTAURANT)
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	Biz Net
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း "တပင်တိုင်မြနန်း"
၁၂း၁၀-၆း၁၀	MEGA STAR TALK (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၂း၄၀-၆း၄၀	KMD မှ IT နည်းပညာပြပွဲနှင့်ဈေးရောင်းပွဲတော်
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တော်ဝိစံပြကျေးရွာ ဝေဇယန္တာဓမ္မရိပ်သာ နှစ်ထပ်ဆွမ်းစားဆောင် တည်ဆောက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဝေဇယန္တာ (မဟာစည်) ဓမ္မရိပ်သာ၌ ပျက်စီးသွားသည့် ဆွမ်းစားကျောင်းဆောင်နေရာတွင် နှစ်ထပ် ဆွမ်းစားကျောင်းဆောင်သစ်ကို ၁၃၆၈ ခုနှစ်မှစ၍ တည်ဆောက်လျက်ရှိသည်။

၁၃၆၅ ခုနှစ်တွင် ရန်ကုန်မြို့နေ ဗိုလ်ကြီးလှဝင်း(ငြိမ်း)မှ မ,တည်လှူဒါန်းငွေကျပ် နှစ်သိန်းနှင့် ထပ်မံလှူဒါန်းငွေကျပ် နှစ်သိန်းဖြစ်သည်။ **(အပေါ်ပုံ)** အနယ်နယ်အရပ်ရပ်ရှိ တော်ဝိကျေးရွာသူ၊ ကျေးရွာသားများနှင့် စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ပြီး တော်ဝိစံပြကျေးရွာ ဝေဇယန္တာဓမ္မရိပ်သာ ဆရာတော်ထံနှင့် အလှူခံဌာနတွင်လည်းကောင်း၊ ရန်ကုန်မြို့ ဗိုလ်ကြီးလှဝင်း (ငြိမ်း) ဖုန်း-၇၂၆၂၆၄ နှင့် ၀၉၅၀ ၁၃၇၄၄ ထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် တတိယအကြိမ် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည်နေ့အခမ်းအနားနှင့် တတိယအကြိမ် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှာစကားပြောကြားပြီး အတွင်းရေးမှူး မလိခ ဦးစိုးထိုက်အောင်က ၂၀၀၇-၂၀၀၈ ခုနှစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ ခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ သားသမီးများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ထုတ်လုပ်သူအလှူမှ ဦးကျော်ကျော် - ဒေါ်စုစုခိုင်တို့၏ သမီး ခြောက်ဘာသာ ဂုဏ်ထူးရှင် မခင်ရတနာကျော်အားလည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် ဦးမြင့်စိုးက တည်းဖြတ်/မှတ်တမ်းအလှူမှ ဦးသန်းမြင့်ဝေ-ဒေါ်အေးအေးတို့၏ သမီး ငါးဘာသာဂုဏ်ထူးရှင် မထက်ထက်အောင်အား လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် ဦးကြည်စိုးထွန်းက တည်းဖြတ်/မှတ်တမ်းအလှူမှ ဦးသန်းဦး-ဒေါ်ဝေဝေသိန်းတို့၏သား သုံးဘာသာဂုဏ်ထူးရှင် မောင်စိုးသီဟဦးအားလည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် ဦးညွန့်ဝင်းက တည်းဖြတ်/မှတ်တမ်းအလှူမှ ဦးသန်းမြင့်ဝေ-ဒေါ်အေးအေးတို့၏သမီး သုံးဘာသာဂုဏ်ထူးရှင် မတင်တင်အောင်အားလည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဒါရိုက်တာ၊ ဇာတ်ညွှန်းအလှူမှ ဦးဇော်မြင့်ဦး-ဒေါ်သီတာဦးတို့၏သမီး နှစ်ဘာသာဂုဏ်ထူးရှင် မနဒီနွယ်ဦးအားလည်းကောင်း၊ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြင့်မြင့်ခိုင်က ဇာတ်ပို့/ဇာတ်ရံအလှူမှ ဦးမောင်မောင်အေး(ခ) မင်းသစ်-ဒေါ်အေးအေးတို့၏ သမီး တစ်ဘာသာဂုဏ်ထူးရှင် မနှင်းအေးငယ်အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြင့်မြင့်ခိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးရဲဝင်း၊ အတွင်းရေးမှူးမလိခ ဦးစိုးထိုက်အောင်နှင့် မဂ်လာကုမ္ပဏီမှ ဦးဇော်မင်းတို့က ပညာရည်ထူးချွန်ဆုအတွက် လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ထို့နောက် ပညာရည်ထူးချွန်ဆုရရှိကြသူများကိုယ်စား မခင်ရတနာကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှစ်ပတ်လည်နေ့ အခမ်းအနားနှင့် တတိယအကြိမ် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ထုတ်လုပ်သူအလှူမှ ဦးကျော်ကျော်-ဒေါ်စုစုခိုင်တို့၏ သမီး ခြောက်ဘာသာ ဂုဏ်ထူးရှင် မခင်ရတနာကျော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘီးလင်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ မင်းကင်းမြို့နှင့် ကန့်ဘလူမြို့တို့တွင် ၂ ဒသမ ၁၆ လက်မစီ၊ ဘားအံမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ထားဝယ်မြို့နှင့် ကလေးဝမြို့တို့တွင် ၁ ဒသမ ၈၅ လက်မစီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၃ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၂ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၁-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)၂-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၂-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ ဒသမ ၈ နာရီခန့် ၁-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂-၈-၂၀၀၈	၁၉မမ	၁၄မမ	၂၇မမ
	(၀ဒသမ၇၅လက်မ)	(၀ဒသမ၅၆လက်မ)	(၁ဒသမ၀၆လက်မ)
၁-၁-၂၀၀၈မှ	၁၆၀၈ မမ	၁၈၄၆မမ	၂၂၄၅မမ
ယနေ့အထိ	(၆၃ဒသမ၃၁လက်မ)	(၇၂ဒသမ ၆၈လက်မ)	(၈၈ဒသမ ၃၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂-၈-၂၀၀၈ ရက် ၀၈း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၄ မိုင်နှုန်း တိုက်ခတ်သည်။

ကြေးမုံ The Mirror သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	မိုက်ခရိုကွန်ပျူတာ	၁၉၇၃	Truong	ပြင်သစ်
၂	မိုက်ခရိုဖုန်း (မိုက်ခွက်)	၁၈၇၇	Berliner	အမေရိကန်
၃	အီလက်ထရွန်နစ် အဏုကြည့်ကိရိယာ	၁၉၃၁	Ruska Knoll	ဂျာမနီ
၄	မိုက်ခရိုဝေ့ဗ်မီးဖို	၁၉၄၇	Spencer	အမေရိကန်
၅	အေစီမော်တာ	၁၈၉၂	Tesla	အမေရိကန်
၆	ဒီစီမော်တာ	၁၈၃၇	Davenport	အမေရိကန်
၇	မော်တော်ဆိုင်ကယ်	၁၈၈၅	Daimler	ဂျာမနီ
၈	ရုပ်ရှင်ပြစက်	၁၈၉၄	Jenkins	အမေရိကန်
၉	အသံထွက်ရုပ်ရှင်	၁၉၂၇	Warner Bros.	အမေရိကန်
၁၀	မြင်ကွင်းကျယ်ရုပ်ရှင်	၁၉၅၂	Waller	အမေရိကန်

ဇူလိုင် ၃၁ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ် (MANA) နှင့် ရတနာ့မေတ္တာအဖွဲ့တို့ ပူးပေါင်း၍ HIV/AIDS ကာကွယ်တားဆီးမှု ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က အထက(၄) ပတ္တမြားခန်းမ၌ ကျင်းပရာ ရတနာ့မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (၆၄)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ **မြန်မာရုပ်ရှင် "ဆန်ရေ" (ညွှန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၁း၅၀ ၆။ ယဉ်ကျေးလိမ္မာ ၃၈ ဖြာမင်္ဂလာ
၂း၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၂း၂၀ ၈။ တေးဂီတအစီအစဉ်
၂း၃၀ ၉။ အတီးပြိုင်ပွဲ
၂း၄၅ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆို၊ အကများ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ အကပြိုင်ပွဲ
၆း၄၅ ၁၁။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၁၉)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၀)**
၁၇။ အစီအစဉ်ပြီး၏။

အတည်ပြုချိန် ၂း၃၀

အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိကြောင်း နာဆာအတည်ပြုပြောကြား

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁

ဇွန်လအတွင်း အင်္ဂါဂြိုဟ်ဆင်းယာဉ်ဖီးနစ်က အင်္ဂါဂြိုဟ်ပေါ်မှတွေ့ရှိခဲ့သော ရေခဲတစ်ခုကို ထပ်မံစမ်းသပ်ပြီးနောက် အဆိုပါဂြိုဟ်ပေါ်တွင်ရေရှိကြောင်း၊ သေချာသော အထောက်အထားများ ၎င်းတို့ လက်ဝယ်ရှိပြီးဖြစ်ကြောင်း အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)မှ သိပ္ပံပညာရှင်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

နာဆာက ဖီးနစ်ကို အင်္ဂါဂြိုဟ်ပေါ်တွင် ရက်သတ္တပါးပတ်ဆက်လက်နေရန် ကြာသပတေးနေ့က ထပ်မံတိုးမြှင့်ခဲ့သည်။ ဖီးနစ်၏ ရေရှာသော လုပ်ငန်းအပြင် အင်္ဂါဂြိုဟ်သည် သက်ရှိများကို အသက်ရှင်စေရန် အားပေးနိုင်ခြင်း ရှိ၊ မရှိကိုလည်း စမ်းသပ်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ရက်တိုး

ဖီးနစ်ကို စက်တင်ဘာ ၃၀ ရက်အထိ ရက်တိုးလိုက်ကြောင်း အင်္ဂါဂြိုဟ် လေ့လာရေးအစီအစဉ်မှ သိပ္ပံပညာရှင်ချုပ် မိုက်ကယ်မေယာက ပြောကြားသည်။

ထို့သို့ ရက်တိုးလိုက်ခြင်းကြောင့် ဖီးနစ်၏ အင်္ဂါဂြိုဟ်ပေါ်သို့ဆင်းသည့် သုံးလကြာခရီးစဉ်အတွက် ကုန်ကျငွေ အမေရိကန် ဒေါ်လာ သန်း၄၂၀ တွင် နောက်ထပ် နှစ်သန်း ထပ်မံကုန်ကျမည်ဖြစ်ကြောင်း မေယာက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်၌ ဩဂုတ် ၁ ရက်က ဂွာတာမီအမြန်ရထားမီးလောင်မှုဖြစ်ပွားပြီး ပျက်စီးနေသည်ကို တွေ့ရစဉ်။ (အဆိုပါ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အနည်းဆုံး ၂၀ သေဆုံးပြီး လေးဦးဒဏ်ရာရရှိသည်။) *(ဓာတ်ပုံ-အင်တာနက်)*

တူရကီ၌ ကျောင်းဆောင်ပြိုကျ ကျောင်းသူ ၁၈ ဦးထက်မနည်း သေဆုံး

အန်ကာရာ ဩဂုတ် ၁

တူရကီနိုင်ငံတောင်ပိုင်း ကိုညာပြည်နယ် တာစကန့်မြို့အနီး သုံးထပ်မိန်းကလေးအဆောင် ပြိုကျရာ ကျောင်းသူ ၁၈ ဦး ထက်မနည်း သေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။

ပိတ်မိ

ပြိုကျသော ကျောင်းအဆောက်အအုံ၏ အောက်တွင် ကျောင်းသူခြောက်ဦးခန့် ပိတ်မိနေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ပေါက်ကွဲ

ကျောင်းစားသောက်ဆိုင် တန်းရှိ ဓာတ်ငွေ့အိုး ပေါက်ကွဲမှု ကြောင့် အဆိုပါအဆောင် ပြိုကျခဲ့ရ သည်ဟု ယူဆရကြောင်း အာဏာပိုင် များက ပြောကြားသည်။ နွေရာသီကျောင်းပိတ်ရက်တွင် ကိုရီးယား သင်ခန်းစာ သင်ယူရန်အတွက် ထိုအဆောင်၌ မိန်းကလေးအယောက် ၄၀ ခန့် နေထိုင်လျက်ရှိသည်။ အဆောင်တွင်း၌ ကျောင်းသူအများစု အိပ်ပျော်နေချိန် ဒေသစံတော်ချိန် ၅နာရီခန့်က ဓာတ်ငွေ့အိုး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ကျောင်းသူသုံးဦးမှာ မီးလောင်သည့် ဒဏ်ရာများ ရရှိခဲ့သည်။ ***အင်တာနက်။***

တူရကီနိုင်ငံတောင်ပိုင်း ကိုညာပြည်နယ် တာစကန့်မြို့အနီး၌ သုံးထပ် မိန်းကလေးအဆောင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး ပြိုကျနေသည်ကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါဆေးလိပ်ကုမ္ပဏီများ တရားမဝင် ရောင်းချ၍ ဒဏ်ငွေချမှတ်

အော့တာဝါ ဩဂုတ် ၁

ကနေဒါနိုင်ငံ၏ အကြီးဆုံး ဆေးလိပ်ကုမ္ပဏီနှစ်ခုကိုဆေးလိပ်များ မှောင်ခိုရောင်းချရန်အားပေးကူညီသည့်အတွက် ကြာသပတေးနေ့က ဒဏ်ငွေ ကနေဒါဒေါ်လာ ၁ဒသမ၁၅ဘီလီယံ (အမေရိကန် ဒေါ်လာ၁ ဒသမ ၁၂၃ ဘီလီယံ)ချမှတ်ကြောင်း အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

ကနေဒါနိုင်ငံ၏ သမိုင်းတွင် ထိုဒဏ်ငွေသည် အကြီးမားဆုံးဖြစ်ကြောင်း အခွန်ဝန်ကြီး ဂေါ်ဒွန်အိုကော်နာကကွိဘက်ပြည်နယ်၊လီဗစ်မြို့တွင်ကျင်းပသောသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်ပီးရီးယဲလ်ဆေးလိပ်ကုမ္ပဏီကို ဒဏ်ငွေ ကနေဒါဒေါ်လာ သန်း ၂၀၀ နှင့်မြူနီစီပယ်ဌာနသို့ ၁၅ နှစ်အတွင်း ပေးဆောင်ရန် အပိုဒဏ်ကြေးသန်း ၄၀၀ ချမှတ်သည်။ ရော့မန်စ်ဘင်ဆင် အင်ဟက်ဂျက်စ် ကုမ္ပဏီကို ဒဏ်ငွေ ကနေဒါဒေါ်လာ သန်း ၁၀၀နှင့် မြူနီစီပယ်ဌာနသို့၁၀နှစ်အတွင်းပေးဆောင်ရန် အပိုငွေ သန်း ၄၅၀ ချမှတ်သည်။ ကနေဒါနိုင်ငံတွင် ထုတ်လုပ်ပြီး ထုပ်ပိုးထားခြင်းလည်း မရှိ၊ ဥပဒေနှင့်အညီ တံဆိပ်ရိုက်နှိပ်ထားခြင်း မရှိသော ဆေးလိပ်များကို ရောင်းချရန်နှင့် လက်ဝယ်ထားရှိရန် လူအများအား အကူအညီပေးခြင်းဖြင့် အပြစ်ကျူးလွန်ကြောင်း ကုမ္ပဏီများက ဝန်ခံသည်။

ယခုကဲ့သို့ ဒဏ်ငွေများ ချမှတ်ခြင်းဖြင့် ကနေဒါအစိုးရက တရားမဝင် ဆေးလိပ်များ ရောင်းဝယ်ခြင်းကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချထားကြောင်း ဆေးလိပ်ကုမ္ပဏီများသို့ ရှင်းလင်းစွာ အသိပေးလိုက်ခြင်း ဖြစ်သည်ဟု ဝန်ကြီးအိုကော်နာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ မြောက်ပိုင်း၌ မြေပြို၊ ၁၁ ဦး နစ်မြုပ်

တိုင်ယွမ် ဩဂုတ် ၁

တရုတ်နိုင်ငံရှန်စီပြည်နယ်မြို့တော် တိုင်ယွမ်၏ တောတောင်ထူထပ်သော ဒေသတွင် သောကြာနေ့ စောစောပိုင်းက မြေပြိုပြီးနောက် အပျက်အစီးများအောက်တွင် လူ ၁၁ ဦး နစ်မြုပ်လျက်ရှိကြောင်း ပြည်နယ်အာဏာပိုင်များက အတည်ပြု ပြောကြားသည်။

လုဖန်ခရိုင် မာဂျီယာဖောင်းမြို့နယ်ရှိ စီဂူးကျေးရွာတွင် မြေပြိုရာ ရွာသူရွာသား အချို့ကို ဖုံးအုပ်သွားကြောင်း အာဏာပိုင်တို့က ပြောကြားသည်။ အသေးစိတ်အချက်အလက်များကို မရရှိသေးကြောင်းနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မင်နီဆိုတာတွင် လေယာဉ်ပျက်ကျ ရှစ်ဦးသေ

ချီကာဂို ဩဂုတ် ၁

အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ်တောင်ပိုင်းရှိ လေဆိပ်တစ်ခုအနီးတွင် ကြာသပတေးနေ့က လေယာဉ်ငယ် တစ်စင်းပျက်ကျရာ လိုက်ပါလာသူ ရှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများကပြောကြားသည်။ မင်နီဆိုတာ ပြည်သူ့အန္တရာယ်ကင်းရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ခုနစ်ဦးမှာ ထို ပျက်ကျရာနေရာ၌ပင် သေဆုံးပြီး ရှစ်ယောက်မြောက်ပုဂ္ဂိုလ်မှာ ဆေးရုံတွင် သေဆုံးကြောင်း ပြောကြားသည်။ ၎င်းလေယာဉ် အမျိုးအစားမှာ ဟော်ကာ ၈၀၀ ဂျက်လေယာဉ်အမျိုးအစားဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ လမ်းဘေးဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁

အီရတ်နိုင်ငံမြောက်ပိုင်း ကာကွတ်ခ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လက်နက်ကိုင် တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကာကွတ်ခ်မြို့အနီးတွင် သောကြာနေ့က ကင်းလှည့်တပ်ဖွဲ့ ဗုံးဖောက်ခွဲခံခဲ့ရကြောင်း အဆိုပါမြို့ရှိ အီရတ်လက်နက်ကိုင်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကိုလ်ဆာလမ်အယ်ဇိုဘိုင်က ပြောကြားသည်။

ရေနံပေါကြွယ်ဝသည့် ကာကွတ်ခ်မြို့တွင် တနင်္လာနေ့က ကဒ်များ ဆန္ဒပြနေစဉ် အသေခံဗုံး ဖောက်ခွဲမှုကြောင့် ၂၅ ဦး သေဆုံးခဲ့သည်။ လူမျိုးပေါင်းစုံနေထိုင်သည့် အဆိုပါမြို့တွင် တင်းမာမှုများ ပြင်းထန်လျက်ရှိကြောင်း၊ အဆိုပါမြို့ရှိ ကဒ်တို့သည် ဒေသဆိုင်ရာ မြို့တော်ကာကွတ်ခ်နှင့် အခြားဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကဒ်ဒေသအောက်သို့ သိမ်းသွင်းလိုသည့် ဆန္ဒရှိကြောင်း သတင်း၌ဖော်ပြထားသည်။ ***အင်တာနက်။***

ဂျပန်အစိုးရအဖွဲ့ အပြောင်းအလဲ လုပ်မည်

တိုကျို ဩဂုတ် ၁

ဂျပန်နိုင်ငံဝန်ကြီးချုပ် ယာဆူအိုဖူကူဒါက ယခုအပတ်အတွင်း အစိုးရအဖွဲ့ကိုအပြောင်းအလဲလုပ်ရန် ညွှန်ကြားထားကြောင်း အတည်ပြုသည်ဟု ဂျပန်သတင်းဌာနများက ကြာသပတေးနေ့တွင် ဖော်ပြကြသည်။

"ကျိုဒိုနယူးစ်"က အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ ထိပ်တန်းလွှတ်တော် အမတ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖူကူဒါသည် သောကြာနေ့ အစောဆုံးထားပြီး ဝန်ကြီးအဖွဲ့ကို ပြောင်းလဲလိမ့်မည်ဟု ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်္ဂလန်နိုင်ငံ ဟေလင်းကျွန်း လောင်းစတုန်းကမ်းခြေတွင် သောင်တင်နေသည့် ဝေလငါးတစ်ကောင်အား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြန်လွှတ်ရန် ဆောင်ရွက်နေသည်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယသမုဒ္ဒရာအလယ်၌ အရေးပါသော အမေရိကန်စစ်စခန်းတည်ရှိသည့်နေရာနှင့် ချာဂို့စ်ကျွန်းစုအတွင်း အကြီးဆုံး ဒီဂိုဂါဆီယာကျွန်းအား ဂြိုဟ်တုမှ ရိုက်ကူးထားသောပုံကို ဩဂုတ်၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အထက်လွှတ်တော်အမတ်၏စွပ်စွဲချက် တရုတ်ပယ်ချ

ပေကျင်း ဩဂုတ် ၁

တရုတ်နိုင်ငံ၏ နိုင်ငံခြားသားဧည့်သည်များအပေါ်အသုံးပြုသည့်လုံခြုံရေးနည်းလမ်းအပေါ် အမေရိကန်အထက်လွှတ်တော် အမတ်တစ်ဦး၏ စွပ်စွဲပြောကြားချက်ကို ကြာသပတေးနေ့က တရုတ်အစိုးရက ပယ်ချလိုက်ပြီး အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင်အသုံးပြုသောနည်းလမ်းများသည် နိုင်ငံတကာ စည်းမျဉ်းနှင့်အညီဖြစ်ကြောင်းပြောကြားသည်။

အိုလံပစ်အားကစားပွဲတော်အတွင်း ဟိုတယ်များ၌ နိုင်ငံခြားသားများကို စုံစမ်းထောက်လှမ်းရန် တရုတ်နိုင်ငံက စီစဉ်နေသည်ဟု ယခုအပတ်အတွင်း အမေရိကန်အထက်လွှတ်တော်အမတ်ဘရောင်းဗက်၏ ပြောကြားခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လျူဂျန်ကာအိုက ယခုကဲ့သို့ စွပ်စွဲခြင်းသည် တရားမျှတမှုမရှိဟု တုံ့ပြန်သည်။

တရုတ်နိုင်ငံတွင် လွတ်လပ်ခြင်းကို အလေးထားပါကြောင်း၊လွတ်လပ်ခြင်းကိုအာမခံပါကြောင်း၊ ဟိုတယ်များနှင့် အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အသုံးပြုသောနည်းလမ်းများသည် နိုင်ငံတကာစည်းမျဉ်းများကို မကျော်လွန်ပါကြောင်း လျူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အမေရိကန် အထက်လွှတ်တော်အမတ်နှင့်သက်ဆိုင်သော နိုင်ငံရေးသမားများကို ဘက်လိုက်ပြောဆိုခြင်းအားစွန့်လွှတ်ကြပါရန်၊တရုတ်နိုင်ငံအား အသရေညှိုးနွမ်းရန် ပြောဆိုခြင်းများအား ရပ်ဆိုင်းကြပါရန်၊ ပေကျင်း အိုလံပစ်အားကစားပွဲတော်အား ပျက်စီးစေမည့် လုပ်ရပ်များနှင့် အမေရိကန်-တရုတ် ဆက်ဆံရေးကို ပျက်စီးစေမည့်လုပ်ရပ်များကို ရှောင်ကြပါရန် လျူက တိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းရန် ဆီးရီးယားတောင်းဆို

ဒမတ်စကပ် ဩဂုတ် ၁

ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး ပါလစ်အယ်လ်မောလ်လင်းက အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းသွားရန် ကြာသပတေးနေ့က တောင်းဆိုလိုက်သည်။

မောလ်လင်းသည်အီရတ်အစ္စလာမ့်ကောင်စီချုပ် ဒုတိယ ဥက္ကဋ္ဌ အမာအက်ဒူအဇစ် အယ်လ်ဟာကင်နှင့်တွေ့ဆုံစဉ်တွင် ထိုကဲ့သို့တောင်းဆိုခြင်းဖြစ်ကြောင်း"ဆာနာ"သတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံက အီရတ်နိုင်ငံအတွင်း နိုင်ငံရေး လုပ်ငန်းစဉ်များ စတင်ရန်ထောက်ခံသည်။အီရတ်နိုင်ငံ ညီညွတ်ရေး၊ အချုပ်အခြာပိုင်ဆိုင်မှု၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် ပြည်သူများအကြား အမျိုးသားရေးသွေးစည်းညီညွတ်ကြရန် အရေးကြီးကြောင်း ထောက်ပြခဲ့သည်ဟု မောလ်လင်းကပြောသည်။တွေ့ဆုံဆွေးနွေးစဉ် နှစ်ဖက်စလုံးက နှစ်နိုင်ငံဆက်ဆံရေးနှင့်အီရတ်နိုင်ငံအတွင်းနောက်ဆုံးတိုးတက်မှုကို ပြန်လည်သုံးသပ်ကြသည်။ အမျိုးသားညီညွတ်ရေးရရှိရန် ကြိုးပမ်းမှုအဖြစ် အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ဆုတ်ခွာရေး အချိန်ဇယားသတ်မှတ်ခြင်းနှင့်အတူ အီရတ်နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးအောင်မြင်စွာရရှိမှု၏အနှစ်သာရကို အလေးအနက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၁၂၇ ဦးသေဆုံး

ဝါရှင်တန် ဩဂုတ် ၂

အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ် မတ်လကတည်းက အနည်းဆုံးအမေရိကန်တပ်ဖွဲ့ဝင်၄၁၂၇ဦး သေဆုံးကြောင်း ဩဂုတ်၁ရက်တွင် အေပီသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

အဆိုပါကိန်းဂဏန်း၌ တိုက်ပွဲအတွင်းသေဆုံးသူ စစ်ဘက်အရပ်သား ဝန်ထမ်းရှစ်ဦး ပါဝင်သည်။ သေဆုံးသူအနည်းဆုံး ၃၃၆၂ဦးသည် ရန်သူပစ်ခတ်မှုကြောင့် ဖြစ်ကြောင်း စစ်ဘက်ဖော်ပြချက်ကိန်းဂဏန်းအရ သိရသည်။

ဩဂုတ် ၁ရက် နံနက် ၁၀ နာရီထိ နောက်ဆုံးကောက်ယူရရှိသည့် အေပီသတင်းဌာန အရေအတွက်သည် ကာကွယ်ရေးဝန်ကြီးဌာန ကိန်းဂဏန်းနှင့် နှစ်ဦးသာကွာခြားသည်။ နိုင်ငံအလိုက် တပ်ဖွဲ့ဝင်သေဆုံးမှုအရေအတွက်မှာ ဗြိတိန် ၁၇၆ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယားလေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာတို့ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယားတို့ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားတို့ တစ်ဦးစီ သေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ဖော်ပြသည်။ **အင်တာနက်။**

အိုလံပစ်အတွက် စားသောက်ကုန်များ အန္တရာယ်ကင်းကြောင်း တရုတ်ပြော

ပေကျင်း ဩဂုတ် ၁

ပေကျင်းအိုလံပစ် အားကစားပွဲတော်တွင် ထောက်ပံ့မည့် အစားအသောက်များ လုံးဝအန္တရာယ် ကင်းစင်ရေး သေချာစေရန် တရုတ်နိုင်ငံသည် စွမ်းရည်နှင့်ယုံကြည်မှုရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပေကျင်းအစားအသောက် အန္တရာယ်ကင်းစင်ရေး အုပ်ချုပ်မှုဌာနမှ အရာရှိ တန်ယွမ်းဝှာက အိုလံပစ်အစားအသောက် ထောက်ပံ့ရေးလုပ်ငန်းစဉ်တစ်ခုလုံးကိုကြည့်ရှုရန် စစ်ဆေးသူများကို တရုတ်နိုင်ငံ စားသောက်ကုန်အရည်အသွေး ထိန်းချုပ်ရေးဌာနက ပို့လွှတ်ပြီးဖြစ်ကြောင်း၊ စားသောက်ကုန်များ မူလအစမှသယ်ယူဆောင်သည်အထိ အမှားအယွင်းမရှိအောင် သေချာစွာဆောင်ရွက်နေကြောင်း ပြောကြားသည်။၂၀၀၅ခုနှစ်ကတည်းက မြို့တော်အုပ်ချုပ်ရေးအဖွဲ့သည် စားသောက်ကုန်ထောက်ပံ့ရေးလုပ်ငန်းတွင် အုပ်ချုပ်မှုစနစ်နှင့် စောင့်ကြည့်ရေးစနစ်များ များစွာတိုးတက်လာခဲ့ပြီးဖြစ်ကြောင်း ယွမ်းဝှာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် လေဆင်နှာမောင်းတိုက် ငါးဦး သေဆုံး

နန်ကျင်း ဩဂုတ် ၁

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ငါးဦးသေဆုံးပြီး ၃၉ ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ ၁၀ မိနစ်တွင် ပထမလေဆင်နှာမောင်းသည် ပစ်ဇိဟူမြို့တော်မှ ဂေါင်ရှမ်း၊ ဇူရောင်းနှင့် စီဟူမြို့နယ်များကို တိုက်ရာ မိနစ် ၂၀ ကြာခဲ့သည်ဟု ပစ်ဇိဟူမိုးလေဝသဌာနကပြောသည်။

လေဆင်နှာမောင်းသည် မြို့နယ်သုံးခုအတွင်း နေအိမ်အလုံးပေါင်း ၂၅၃ လုံးကို ဖျက်ဆီးပြီး လူတစ်ဦးသေ၍ နှစ်ဦး ဒဏ်ရာရရှိစေခဲ့သည်။

ဒုတိယ လေဆင်နှာမောင်းသည် ဂေအိုယူမြို့တော် လင်ဦးမြို့ကို ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီ မိနစ်၂၀တွင် တိုက်ရာ ၁၅ မိနစ် ကြာခဲ့သည်။ အထည်ချုပ်စက်ရုံတစ်ရုံ၏ အလုပ်ရုံများပျက်စီးသွားပြီး ၄၁ ဦးဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ပေးခဲ့ရာ လေးဦးမှာဆေးရုံတွင် သေဆုံးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လယ် ယာဉ်အသွားအလာ ထူထပ်ရာနေရာကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မီးလောင်သောအမေရိကန်စစ်သင်္ဘောမှ တပ်မှူးကို ရာထူးမှထုတ်ပယ်

တိုကျို ဩဂုတ် ၁

အမေရိကန် ရေတပ်စစ်သင်္ဘောပေါ်တွင် မီးလောင်မှု ဖြစ်ပွားခြင်းအတွက် ရေယာဉ်မှူးကို ပြစ်တင်ထုတ်ပယ်ပြီးနောက် ထိုနျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘော၏ ရေယာဉ်မှူးအသစ်ကို အစားထိုးခန့်အပ်လိုက်သည်။

နျူကလီးယားနှင့် တိုက်ခိုက်ခြင်းကို ခံစားခဲ့ဖူးသော တစ်ခုတည်းသော နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင် ဂျော့ဝါရှင်တန် လေယာဉ်တင်သင်္ဘော ဆိုက်ကပ်မည့် အစီအစဉ်ကို စိုးရိမ်ကြောက်ရွံ့နေကြခြင်းအား ဖြေသိမ့်နိုင်ရန် အမေရိကန်ပြည်ထောင်စုက ကြိုးစားလျက်ရှိသည်။ မေလအတွင်းကလည်း ထိုသင်္ဘောပေါ်၌ မီးလောင်မှုဖြစ်ခဲ့သည်။

ဖော်ပြ

အမေရိကန် ရေတပ်မတော် လေတပ်ဖွဲ့က ကြေညာချက် ထုတ်ပြန်ရာတွင် ထိုမတော်တဆဖြစ်မှုကြောင့် တပ်မှူးဒေးဗစ်စီဒတ်ဟုဖ်နှင့် အခြားအရာရှိတစ်ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့ပြီး ရေယာဉ်မှူး ဂျေအာဟာလေးကို သင်္ဘော၏ တပ်မှူးအသစ်အဖြစ် ခန့်အပ်ကြောင်း ဖော်ပြထားသည်။

အမေရိကန် စုံစမ်းစစ်ဆေးရေးအဖွဲ့က သင်္ဘောသားတစ်ဦး အပြင်းအထန်ဒဏ်ရာရရှိပြီး ၁၂ နာရီကြာ မီးလောင်ရခြင်း၏ အကြောင်းရင်းမှာ ခွင့်ပြုချက်မရရှိဘဲ ဆေးလိပ်သောက်ခြင်းကြောင့် ဆီလှောင်ကန်မှ တစ်ဆင့် မီးလောင်မှု ဖြစ်ရခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ အနောက်မြောက်ဘက်ရှိ ကျန်စုပြည်နယ်တွင် ရာစုသစ်အတွင်း ပထမဆုံး မြင်တွေ့ရသည့် နေကြတ်ပုံအဆင့်ဆင့်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သွားဘက်ဆိုင်ရာ ဆေးပညာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)ကကြီးမှူး၍ သွားနှင့်ခံတွင်း ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး CDE အစီအစဉ်အရ 3Q Dental International Company Limited ၏ ပံ့ပိုးကူညီမှုဖြင့် သွားမြစ်တွင်း ကုသမှုပညာ Endodontics နှင့် စပ်လျဉ်းသော သွားဘက်ဆိုင်ရာ ဆေးပညာ ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ အသင်းသား ဆရာဝန်တိုင်း တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက ဒေါက်တာမောင်မောင်ဦး ဖုန်း-၃၇၉၅၃၂ နှင့် ၇၀၉၁၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ Captain မျိုးသန့် (ပါမောက္ခ/ဌာနမှူး(ငြိမ်း)-ရေကြောင်းပညာဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်) - ဒေါ်မာရီအောင်တို့၏ သားကြီး

မောင်ကျော်ဇေယျာထွန်း Final Year (English)

2nd MATE (F.G)

2nd Officer UNITEAM MARINE LIMITED

နှင့်

ရန်ကုန်မြို့နေ ဦး John စိန်ထွန်း (UNICEF) နှင့် ဒေါ်ခင်သီတာတို့၏ တစ်ဦးတည်းသောသမီး

မရတနာထွန်း B.A(Business Management)

Diploma in English

တို့သည် ၂-၈-၂၀၀၈ ရက် (စနေနေ့)တွင် Traders Hotel, Summer Palace Restaurant ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျာထွန်း-မရတနာထွန်း

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်၊ ပဓာနနာယက

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ကြီး ရေးသားချီးမြှင့်တော်မူသည်

မြွေဒါးလူပျံနှိပ်လိုသူများလည်း တအုပ်တိုက်တွင် မှာကြားနိုင်ပါသည်။

တ္တစ္စာဿယနေသိဒ္ဓိငွေလာတ်ခေါ်ယတြာအစီအရင်

ဤတ္တစ္စာဿယနေသိဒ္ဓိငွေခေါ်ငွေလာယတြာနည်းသည် နည်းဖွဲ့ဟာအရ ငွေသည်တနင်္လာနံ၊ ကျန်းမာရေးသည်တနင်္လာနံ၊ ကြီးပွားမှုသည် တနင်္လာနံ၊ ကျော်ကြားမှု ကျော်စောမှုသည် တနင်္လာနံ၊ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုဖြစ်သော ချမ်းသာမှုသည် တနင်္လာနံ ဓာတ်ဘီး ဆိုင်ကယ်စသည် တနင်္လာနံ၊ မော်တော်ကား၊ ကုန်ကား၊ ဆလွန်းကား စသော မော်တော်ကားမှန်သမျှသည်လည်း တနင်္လာနံတို့ဖြစ်နေခြင်းကြောင့် ဤတ္တစ္စာဿယနေသိဒ္ဓိငွေလာယတြာတစ်မျိုးတည်းကိုပင် တစ်ပတ်လျှင် အနည်းဆုံး(၃)ကြိမ်နှုန်းဖြင့် မှန်မှန်ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ဘဝသာယာလာခြင်း၊ မိမိတို့ဘဝပြည့်စုံလာခြင်း၊ မိမိတို့ဘဝသာယာချမ်းမြေ့၍ ပျော်ရွှင်လာတတ်ခြင်း၊ မိမိတို့၏လူနေမှုအဆင့်အတန်းများ မြင့်မားလာစေပါလိမ့်မည်။ အနုပညာသမားများ၊ တေးဂီတထုတ်လုပ်သူများ၊ မင်းသားမင်းသမီးများ၊ ဒါရိုက်တာများ၊ သရုပ်ဆောင်လုပ်ငန်းများသည်လည်း (တစ်ပတ် ၄-ကြိမ်) ဆောင်ရွက်လုပ်ကိုင်နေပါက မိမိလုပ်ငန်းများ၊ ထုတ်လုပ်သူများ အရှုံးမရှိစည်ကားခြင်း၊ တိုးတက်မှုရရှိခြင်း၊ အောင်မြင်မှုရရှိလာခြင်း၊ လူကြိုက်များခြင်း၊ အရောင်းအဝယ် သွက်လက်လာခြင်း၊ အမြတ်အစွန်းများပြားလာခြင်း ရှိလာပါစေလိမ့်မည်ဟု မှတ်သားထားကြပါလေ…။ ပြောတိုင်းဆိုတိုင်းအောင်မြင်ရလေ၏…။

တန်ဖိုး - ၅၀၀ ကျပ်

ဖြန့်ချိရေး-တော်ဝင်မြို့မစာအုပ်တိုက်၊ အမှတ်-၈၈၊ ဒုတိယထပ်၊ ၃၈-လမ်း၊ ဖုန်း-၂၄၅၂၈၄၊ ၃၇၉၄၈၇

NEWS WATCH WEEKLY

စောင့် ကြည့် သ တင်း ဂျာ နယ်

♦ ဆားပုလင်းနှင်းမောင်နဲ့ စနေမောင်မောင်တို့ရဲ့ ဖခင်ကြီးမင်းသိန်ကွယ်လွန်ရှာပြီ၊ ကွယ်လွန်မယ့်နေ့ ကြိုတင်ပြောခဲ့ပုံ ♦ မင်းသိန်နောက်ဆုံးနေ့ရက်မှာ ဘာတွေပြောကြားခဲ့သလဲ ♦ မင်းသိန်မရှိတဲ့နောက် မရမ်းတလင်းရဲ့အခြေအနေ ♦ ရန်ကုန်တိုင်းအတွင်း လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ထုတ်ပေးမည် ♦ အီကြာကွေးရဲ့ အီကြာကိုဘာထင်သလဲ ♦ အရှင်ဆေကိန္ဒရဲ့ လွတ်လပ်တဲ့တွေးခေါ်ခြင်းဟူသည်မှာ… ♦ တရားသူကြီးများ အဂတိလိုက်စားပါက တိုင်ကြားနိုင် ♦ အင်းလေးကန် ရေမှော်ပေဒါများမှ ဇီဝမြေဩဇာထုတ်လုပ်မည် ♦ ကြက်ငှက်တုပ်ကွေးရောဂါအမြစ်ပြတ်ရန် ကမ္ဘာ့ဘဏ်မှဒေါ်လာ ၁.၃၁၅ သန်းထောက်ပံ့မည် ♦ ချင်းတွင်းမြစ်ကမ်းပါး တာရိုးအနိမ့်များကို မြေဖို့မြှင့်တင် ♦ မောင်သန်းဆွေ (ထားဝယ်) ရှုရှားမလေးနှင့် ထိုင်းမင်းသားတို့၏အတွင်းရေး ♦ တရုတ်အိုလံပစ်ပွဲတော် အကြိုမြင်ကွင်း ♦ အို…တောင်ပြုန်းဆို ပွဲတော်ကြီးနီးလာပြီ ♦ ၂၀၀၈ တက္ကသိုလ်ဝင် ကျောင်းသားကျောင်းသူများ အထူးသတိပြုရမည့်အချက် ♦ ပျားရည်ဆမ်းခရီးမှာ ပျားရည်မဆမ်းနိုင်ခဲ့တဲ့ဇနီးမောင်နှံ ♦ အွန်စော၊ ကင်ဂျေဝန်၊ အန်ဂျာဝန် ကိုရီးယားသရုပ်ဆောင်များ••

ထွက်ပြီ

ဝိဇ္ဇာမဂ္ဂဇင်း(၁၂)အုပ်မြောက်အထူးထုတ်၊ စာမျက်နှာ(၄၀၀)ကျော်

သမထဝိပဿနာပညာစခန်း အကျင့်လမ်း မှတ်တမ်းအစုံ ဝိဇ္ဇာဂုဏ်

အယ်ဒီတာချုပ်မောင်ပန်းမွှေး မောင်သွေးချွန်စုစည်းစီစဉ်သည်

▸ မဟာမုနိအဓိဋ္ဌာန်ကျင့်စဉ် ▸ ရက်ကန်းစင်တောင်ဆရာတော်ကြီး၏မဟာဂန္ဓာရီလမ်းစဉ် ▸ ပခုက္ကူဆရာတော်ကြီး၏ နှာခစ်လေဘေးတရားတော် ▸ သက်ရှည်ကျန်းမာသရဏဂုံသစ္စာ ▸ ပရိတ်ပဌာန်းပူဇော်ရာတွင်ဘာ့ကြောင့်ရေဆူ ▸ မိုင်းလင်းဆရာတော်၏ဘဝနှင့်ဓမ္မ ▸ သဲအင်းဂူယောဂီ၏ကိုယ်တွေ့ဉာဏ်မြင် ▸ ကပ်ဘေးအန္တရာယ်တွေကိုဘယ်လိုကျော်လွှားမလဲ ▸ မဟာမြိုင်ဘုန်းဘုန်းကြီးနှင့်သိဒ္ဓိဝင်အပင် ▸ ဝိဉာဉ်ခေါ် လောကီအတတ်ပညာ ▸ ရကွန်းဝိဇ္ဇာ ▸ သိုက်တဘောင်ရှင်းတမ်း ▸ ပြဇ္ဇာရှင်းတမ်း ▸ သဲတောမြို့မှာတတ်တော်ကျသောဆရာတော်ကြီး

ဝိဇ္ဇာ

ရသစုံမဂ္ဂဇင်း

၂၀၀၈၊ ဇက်တင်ဘာလထုတ်

ထွက်ပြီ

သာကိုး-ချစ်ဦးညို-ဝင်းမင်းထွေး-ဇေမြိုင်-ဗိုမင်းဦး-ထက်မြက်-မိုးမင်းသိမ်း-မောင်ရွှေနှန်-ကောင်းသော်-မင်းဟိန်းထိပ်-မြစပယ်-ဆရာကြီးရှိန်-ဇလွန်ကျော်ဦး-မောင်မောင်မိုးအောင်-မြေလတ်မြတ်သူ-ဦးလှထွန်း(သုံးဆယ်)-စံသူမြတ်-တင်နိုင်တိုး-လင်းရောင်တင်-တိုးထက်-သိဒ္ဓိဆန်းလှိုင်-ဦးအောင်ကြီး-အောင်ဘုန်းမြင့်-ဦးဂိုဏ္ဍီ(မင်းကွန်း)-ဆရာနက္ခတ်-မောင်ယဉ်ဝင်း-မြမဥ္ဇူဝ-ယုမောင်-မောင်သွေးမှန်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်-၈၈၊ဒုတိယထပ်(ယာ)၃၈-လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၂၄၅၂၈၄၊ ၃၇၉၄၈၇

မွေးနေ့ဆုတောင်း

စိတ်ထားဖြူစင်သော သူငယ်ချင်း နန်းယဉ်မေအေး (တီပွား)၏ ၃-၈-၂၀၀၈ နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ရွှင်လန်းချမ်းမြေ့ပါစေ။

သူငယ်ချင်း
သီတာခမ်း(မိငယ်)

မွေးနေ့ဆုတောင်း

ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျရောက်ခဲ့သော မေသက်ဝေ (ACCA Part II ခေတ္တ UK) ၏ ၂၁ နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်သောဘဝခရီးကို သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေ-

ဘိုးဘိုး-ဘွားဘွား	- **ဒေါ်ကြည်ကြည်၊ ဦးသန်းရွှေ-ဒေါ်ကျင်မြိုင်**
ချစ်အန်တီ	- **စမ်းသီတာ(ခေတ္တ** UK) (ACCA AFFILIATE) (B.Sc (HONS) IN APPLIED Accounting OXFORD BROOKES UNIVERSITY)
မမ	- **သူဇာဝင်း** (ACCA Part II **ခေတ္တ** UK)
သူငယ်ချင်း	- **ဖြိုးဝေဝင်း** (MCPD) (B.Sc IT MIDDLGSE UNIVERSITY **ခေတ္တ** (UK)
ညီမလေး	- **သွန်းသီရိလွင် အထက(၂) မရမ်းကုန်း**
မောင်လေး	- **ဇော်လှိုင်ဘွား အထက(၂) မရမ်းကုန်း**

MAA LEARNING CENTRE

DIPLOMA IN TOURISM & HOSPITALITY MANAGEMENT

Seminar & Career Talk YGN	Seminar & Career Talk MDY
Date ■ 10-Aug-2008 (Sun)	Date ■ 9-Aug-2008 (Sat)
Time ■ (2:00) pm to (4:00)pm	Time ■ (10:00)am to (12:00)pm
Venue ■ Park Royal Hotel	Venue ■ Hotel Mandalay

Speacial OR Discounts FREE!

SEAT BOOKING YGN : 250 501 , 250 502 // MDY : 09 203 7494

မရမ်းကုန်းမြို့နယ် သမိုင်း (၁) ရပ်ကွက် (၂) လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်းအတွင်း ဆောက်လုပ်ဆဲ စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် အလုံမြို့နယ် (ထော်လီကွေ့) နေ ဒေါ်ငွေငွေမြ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာ နန္ဒ(ပုဂံ)ရှေ့မှောက်၌ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီဝင် ဦးဇော်ဟိန်း လက်ခံယူစဉ်။

(ကြေးမုံ)

ဦးစာဏီ B.E (Mechanical) စီစဉ်သည်

သင်ကြားမှုထက်မြက်ပြည့်စုံပြီး ဝင်ခွင့်အတွက် စိတ်ချရသော

အင်္ဂလိပ်စာ REC သချာ်

ကွန်ပျူတာ/နည်းပညာတက္ကသိုလ် (G.T.C)

ဝင်ခွင့်ရသင်တန်းများ

နည်းပညာတက္ကသိုလ်မှအငြိမ်းစားဆရာဟောင်းများကိုယ်တိုင်သင်မည်။

အမှတ်(၃၅)၊ (၅+၆)လွှာ၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေ။

09 5028171, 095124921

ဒေါက်တာ စိုင်းမြင့်အောင်ကျော်နှင့် ပတ်သက်၍ အများသိစေရန်

FAME Pharmaceuticals၏ မန္တလေးရုံးခွဲတွင် အထွေထွေမန်နေဂျာ (General Manager) အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာစိုင်းမြင့်အောင်ကျော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မရမ(နိုင်) ဝ၄၈၆၈၅ KME-258181သည် ကုမ္ပဏီ၌ စာရင်းစစ်ဆေးနေချိန်အတွင်း ငွေကြေးကွာဟမှုကြောင့် တိမ်းရှောင်သွားပါသည်။ မိမိတို့ကုမ္ပဏီ Mandalayရုံးခွဲမှ အကြွေးစနစ်ဖြင့်ဝယ်ယူထားသောဆေးဆိုင်များ အနေဖြင့် ငွေကြေးကိစ္စအဝဝကို ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ယနေ့မှစ၍ ဒေါက်တာစိုင်းမြင့်အောင်ကျော်နှင့်ပတ်သက်သော ငွေကြေး ကိစ္စအပါအဝင် မည်သည့်ကိစ္စမဆို ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါက်တာ စိုင်းမြင့်အောင်ကျော်အနေဖြင့် ကုမ္ပဏီသို့ အမြန်ဆုံး လာရောက်၍ စာရင်းရှင်းလင်းပေးရန် သတိပေးအပ်ပါသည်။

ဦးတင်မောင်အေး (ဒါရိုက်တာ)
FAME Pharmaceuticals Co., Ltd.

ဒလမြို့နယ်အမက(၁၉) ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်း၊ အကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားမိဘများက အသက် (၆၀) ပြည့် အငြိမ်းစားယူမည့် ဆရာကြီး ဦးသိန်းထွန်းအား ဂုဏ်ပြု နှုတ်ဆက်ဂါရဝပြုပွဲကို ဇူလိုင်၂၇ရက်က ကျင်းပရာ ဂါရဝပြုငွေကျပ် ခုနစ်သိန်းကို ကျောင်းအကျိုးတော်ဆောင် ဒေါ်ဥမ္မာလင်း၊ ဒေါ်သန်းသန်းမြင့်နှင့်ဒေါ်စန္ဒာထွန်းတို့က ပေးအပ်စဉ်။

(မြို့နယ် စာပေ/စာနယ်ဇင်း)

ပဲခူးမြို့ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂

ပဲခူးမြို့ ရွှေသာလျောင်းခြေတော်ရင်းကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ (၁၄၆) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဝါခေါင်လဆန်း ၉ ရက်မှ ဝါခေါင်လပြည့်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်အဖွဲ့ချုပ်ကြီးမှ မဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဦးအနောပမ အရှင်သူမြတ်နှင့် ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။

တရားဝင်မည့် ယောဂီများ ဝါခေါင်လဆန်း ၈ ရက် ညနေအရောက် ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။ (ကြေးမုံ)

လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၂၈)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိဗဟို မြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆၅ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ရှစ်လကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၍

FATHER LAND Construction

တာဝန်ယူဆောက်လုပ်ဆဲ 625 Sqft ခန့်
ရှိသောအဆင့်မြင့်တိုက်ခန်းများကိုအရစ်ကျငွေပေးချေမှုစနစ်ဖြင့်ရောင်းချပေးနေပါသည်။



- New Carrier Design
- Ready Mixed Concrete
- Over Head Tank
- Plaster Cornice
- Fire Escape
- Own Meter
- Own Motor

- ရေချိုးခန်းတွင်ကြွေပြားခင်း/ကပ်ပေးပါမည်။
- အိမ်သာတွင်ကြွေပြားခင်း/ကပ်ပေးပါမည်။
- ဝရန်တာတွင်ကြွေပြားခင်းပြီးစတီးလက်ရန်းတပ်ဆင်ပေးပါမည်။
- လှေကားတွင်ကြွေပြားခင်းပြီးစတီးလက်ရန်းတပ်ဆင်ပေးပါမည်။
- မီးဖိုခုံအလျား5'xအမြင့်2½'xအနံ20"ပြုလုပ်ပေးပါမည်။

အချိန်မီလှမ်းလာခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်

အရစ်ကျငွေပေးသွင်းခြင်းစနစ်အပါအဝင် တိုက်ခန်းဝယ်ယူမှုကိစ္စအဝဝကို လူကြီးမင်းတို့နှင့် ပြေလည်အောင်ညှိနှိုင်းပေးခြင်းဖြင့် တိုက်ခန်းဝယ်ယူသူအပေါင်းတို့အား လိုက်လံနှုတ်ဆက်ကြိုဆိုပါသည်

ဆက်သွယ်ရန် အမှတ်-၂၂၁၊ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ ၀၉-၅၁-၃၁၀၇၁၊ ဖုန်း- ၂၀၄၀၅၅၊ ၂၀၄၀၆၉၊ ၂၉၈၅၄၀၊ ၂၉၆၄၀၁

ယုဇန ဒံပေါက် မှ မူလရသာမပျက်စီမံထားပါသည်။

ပင်မ - အမှတ် (၉၂)၊ အနော်ရထာလမ်း၊ လွှစ္စလမ်းနှင့် ၃၉လမ်းကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၀၉၇၀
ဆိုင်ခွဲ(၁) - အမှတ် ၂၁၀/၂၁၂၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ဖုန်း-၂၅၄၇၅၀
ဆိုင်ခွဲ(၂) - အမှတ် ၂၃၆၊ အနော်ရထာလမ်း၊ လမ်း ၃၀ နှင့် ဗိုလ်ဆွန်ပက်လမ်းကြား။
ဆိုင်ခွဲ(၃) - အမှတ် (143/B) စက်ရုံလမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။(လိပ်စာသစ်)

ချိုသာသောဈေးနှုန်း၊ ထူးကဲသောအရသာ
စိတ်ချမ်းမြေ့စေသော ဝန်ဆောင်မှု
တို့ဖြင့် ယုဇနဒံပေါက်မှ ကြိုဆိုပါ၏။
အလှူမင်္ဂလာညှော်ခံပွဲများအတွက် အထူးအော်ဒါလက်ခံပါသည်။

◆အသစ်တွေထဲက မြင့်မြတ် ◆ မယ်လိုဒီစိတ်ဝင်စားတဲ့ ယောက်ျားသုံးယောက် ◆ကဏ္ဍသစ်ရာ အိမ်ကံတာ ချိတ်ဆက်နှင့် တွေ့ဆုံခြင်း◆ကိုရီးယားဖက်ရှင် ဒီဇိုင်နာကြီး Andre Kimနှင့်တွေ့ဆုံခြင်း◆ဖို့အောင်ရှိန်နှင့် နန်းဆုမွှင့်မွှင့်လင်းလင်း◆ လမ်းဖယ်ညိုရှုပ်တဲ့ ဂီတဆရာကွက် ◆ သာသနာ့တွက်ရှုံ့ အခန်းဆက် ... ဖတ်ရှုနိုင်ကြောင်း ...

ထွက်ပြီ

လူငယ်ကြိုက် လူကြိုက်တတ် Heart

နှစ်ပေါင်း(၃၅)နှစ်တိုင် အောင်မြင်လျက်ရှိသော

တိုင်းရေဒီယိုသိပ္ပံ
TIME ELECTRONICS CENTRE

- ရေဒီယို၊ကက်ဆက်၊အသံချဲ့စက်အထူးသင်တန်း
- TV,VCD,DVD အထူးသင်တန်း
- SATELLITE RECEIVER အထူးသင်တန်း
- ကွန်ပျူတာစက်ပြင်(HARDWARE)အထူးသင်တန်း
- COMPUTER TRAINING (DTP,GRAPHIC ,E.MAIL,INTERNET)
- အခြေခံသင်အီလက်ထရွန်းနစ်အထူးသင်တန်း

ကျောင်းသားသစ်များ လက်ခံပြီ

တိုက်(၁)၊အခန်း(၂၀၈)၊ရွှေဝါမြင့်အိမ်ယာ၊ဘုတာရုံလမ်း၊မှတ်တိုင်၊ရန်ကုန်အင်းစိန်လမ်းမကြီး။
(၃)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။ ၀၁.၅၃၅၁၅၁၊၀၁ ၅၀၄၂၂၄၊ ၀၉ ၈၀ ၃၄၅၄၉

ကွန်ပျူတာ/နည်းပညာ ဝင်ခွင့်သင်တန်း
အင်္ဂလိပ်စာ၊ သင်္ချာ
သင်တန်းဘာသာရပ်များကို နည်းပညာတက္ကသိုလ်မှ အငြိမ်းစားဆရာများကိုယ်တိုင် သင်ကြားမည်။
လိပ်စာ Value Star Training Course တိုက်(၅)၊ ခန်း (C-3) ဒု-ထပ် ဦးထွန်းလင်းခြံလမ်း။ လှည်းတန်းမှတ်တိုင် အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph 09 51 93757, 09 51 19073

Augst 4th စမည်

ဦးတင်အောင်ကျော်
B.Com (Q).,CPA.,DBL

LCCI Level I & II Aug တန်းခွဲသစ်များ

Sec(2) Tue & Thur 2:00 to 5:00 (Pm) (5-8-08)
Sec (3) Mon, Wed & Fri 3:00 to 5:00(Pm) (6-8-08)
Sec (4) [Fri 7:00 to 9:00 (Am) / Sat 9:00 to 1:00(Pm)] (8-8-08) ကျောင်းအပ်လက်ခံပြီ

အမှတ်၃၇၁(၄လွှာ)၊ မဟာဗန္ဓုလလမ်းနှင့် ၃၈လမ်းထောင့် (ပန်းဆိုးတန်းမှတ်တိုင်အနီး) ဖုန်း- ၀၉-၅၀၂-၅၉၆၄

ASIA Language & Business Academy(ALBA)
66 Shwedagon Pagoda Road, Dagon T/S, Yangon Tel: 720966, 384055, http://www.alba-edu.com

Pre School | **English for Children** | **IELTS** | **General English** | **Conversation**

- Levelအလိုက်ခွဲထားသော ကလေးအတန်းများနှင့် လူကြီးတန်းများအားလုံးကို Native Teachers ၂၅ ယောက်ကျော်ဖြင့် အချိန်ပြည့်သင်ကြားပေးပါသည်။
- နိုင်ငံတကာ ကုမ္ပဏီဝန်ထမ်း ၄၀၀ကျော်အား လက်ရှိ Corporate Training များ ပေးရာတွင်နာမည်နှင့် အတွေ့အကြုံရှိဆုံးကျောင်းဖြစ်ပါသည်။
- သင်ကြားရေးအထောက်အကူပြုစာအုပ်များထောင်ချီရှိသော Mini-library, အင်တာနက်နှင့်ချိတ်ဆက်ထားသော ကွန်ပျူတာအလုံး ၄၀ကျော်နှင့် ကျောင်းလုံးပြည့် ကြိုးမဲ့အင်တာနက်စနစ်များ ကျောင်းသားများအတွက် ထားပေးထားပါသည်။

CORNERSTONE
School of English

Preschool (3-5) Years

- Learning-by-doing နည်းဖြင့်သင်ကြားခြင်း။
- ကလေးများ ကိုယ်၊ စိတ်နှင့် ဘက်စုံဖွံ့ဖြိုးမှုကို အလေးထားသင်ကြားခြင်း။
- စည်းကမ်းရှိ စာရိတ္တကောင်းပြီး စာသင်ကြားလိုစိတ်ရှိသော ကလေးများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်း။
- မူလတန်းတွင် လိုအပ်သော အခြေခံကောင်းများကို အသက်အရွယ်အလိုက် စနစ်တကျ သင်ကြားပေးခြင်း။
- နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများဖြင့်စနစ်တကျသင်ကြားခြင်း။

Time table
Part Time 9:30 - 12:00
Full Time 9:30 - 2:30

School Bus

Address : Building (C), No.(104), Hiway Complex, Narnataw Road, Kamayut Tsp. Yangon. Ph : 503074 , 09502-5559

ဝုဏ်ထူးရွှေပြည်
ပညာရေးဝန်ဆောင်မှုလုပ်ငန်းသမဝါယမအသင်းလီမိတက်

ဂ၊ ၉၊ ၁၀ တန်း
ဘော်ဒါနှင့်နေ့အထူး
SINCE 1986
အောင်မှုရည် အာမခံ
မှတ်ပုံတင်အမှတ် - ၃-၅၅၃-အထ/ရန်ကုန်တိုင်း

- တက္ကသိုလ်ဆရာကြီး(ငြိမ်း)နှင့် ထက်မြက်သောကျွမ်းကျင်ဆရာကြီးများသင်ကြားပါသည်။
- အောင်မြင်ရေးအာမခံပါသည်။ ကြိုးစားမှုကိုသာယူခဲ့ပါ။ ညှိသူအောင်မြင်စေ့တော်သူ ဂုဏ်ထူးထွက်စေမည်။ သင်တန်းကြေးအထူးသက်သာပါသည်။ တန်းခွဲ (၁)ပြည့်ပြီး တန်းခွဲ (၂) (၁၅)ရက်နေ့စမည်။
- အတန်းအားလုံးအတွက် စည်းကမ်းကိုသာ လိုက်နာပါ။ ကျရှုံးပါက သင်တန်းကြေး ပြန်ပေးမည်။
- တိကျသောစည်းကမ်း စာကျက်အကူများနှင့် မိဘအိမ်နှင့်မခြား စောင့်ရှောက်မည်။

လိပ်စာ - အမှတ်(၉၂ /B)၊ ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ရွှေနှင်းဆီခန်း၊ ဘုံပန်းမြိုင်ရွှေ ရန်ကုန်။ ဖုန်း - ၃၈၄၄၇၀

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

DIAMOND LAND စိန်အရောင်းပြခန်း

(စိန်) မှတ်နီးတြိုက်နှစ်သက်သူ ,, မိတ်ဟောင်း ,, မိတ်သစ်အားလုံးအတွက်

DIAMOND LAND စိန်အရောင်းပြခန်း ကို
မွမ်းမံပြင်ဆင်ပြီးစီးပြီဖြစ်ပါ၍ ၂.၈.၂၀၀၈ မှစ၍ ပုံမှန် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း-
Customer Focus ကို အထူးအလေးပေးဆောင်ရွက်ပြီး ဝယ်ယူသူ စိတ်ကျေနပ်မှု အပြည့်အဝရရှိစေရန် ဝန်ဆောင်မှုပေးလျက်
- Certificate စိန်များ
- အရည်အသွေးမြင့်စိန်များ
- ခေတ်မီသော စက်ဒီဇိုင်းများဖြင့် အရွယ်စုံစိန်များကို အရည်အသွေး Quality နှင့်

ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးလျက်ရှိပါကြောင်း။

ကျေးဇူးတင်စွာဖြင့်
ဒေါက်တာခင်မောင်ဝင်း + ဒေါက်တာဝေဝေ

အမှတ် ၅၀၊ အရှေ့ဘက်ဆိုင်ခန်း၊ အရှေ့ဘက်တန်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။
253220; 526184; 501083; 240966 Ex-669. 09.5016670; 09.9922707.

Skills Proficiency in International Food Preparation and Culinary Course.

ကျွမ်းကျင်စွာတတ်မြောက်စေမည့် နိုင်ငံတကာအစားအစာပြင်ဆင်/ချက်ပြုတ်ခြင်း အတတ်ပညာသင်တန်း
ခိုင်မာသော အသက်မွေးဝမ်းကျောင်းပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး

နိုင်ငံခြား လူစီး/တုန်တင်သင်္ဘောကြီးများပေါ်တွင်ရင်း၊ ပြည်တွင်း/ပြည်ပရှိ Hotel / Restaurant များတွင်ရင်း၊ အရည်အချင်းပြည့်ဝသော စားဖိုမှူး (Cook) များအဖြစ် လုပ်ကိုင်လိုသူများအတွက် အထောက်အကူပြုသင်တန်း

- နိုင်ငံတကာစံချိန်မီ သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် စာတွေ့ / လက်တွေ့ သင်ကြားပေးသည်။
- သင်တန်းကာလ (၃)လအတွင်း နိုင်ငံတကာ (ဥရောပ/အာရှ) ဟင်းပွဲပေါင်း (၁၀၀)ကျော် ကျွမ်းကျင်စွာ ပြင်ဆင်/ချက်ပြုတ်နိုင်စေမည်။
- သင်တန်းသား/သူ (၁၀)ဦးသာ လက်ခံမည်။ လူကိုယ်တိုင်ကြိုတင် စာရင်းပေးအပ်နိုင်ပါ။
- သင်တန်းအမှတ် (၂/၂၀၀၈)၊ ၂၀၀၈ ခုနှစ် ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖွင့်မည်။
- သင့်ဘဝအတွက် အမှန်တကယ် အာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်း ဖြစ်ပါသည်။

သင်တန်းသားလက်ခံပြီ

Image Training Center
No. (245), 3rd Floor, Ngu War Street, Ahlone Tsp., Yangon Myanmar
Ph : 09 517 4013

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက်ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

AFC Challenge Cup ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ မြန်မာက သီရိလင်္ကာကို အနိုင်ရ

ရန်ကုန် ဩဂုတ် ၂

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် AFC Challenge Cup **ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၅ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက သီရိလင်္ကာအသင်းကို အနိုင်ရရှိသည်။**

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် သီရိလင်္ကာနိုင်ငံလက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စု ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

သွင်းယူ

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် စိုးမြတ်မင်းက ပထမဂိုးကိုသွင်းယူပြီး သီရိလင်္ကာလက်ရွေးစင်အသင်းက ချေပဂိုးကိုသွင်းယူလိုက်ရာ တစ်ဂိုးစီသရေပွဲဖြစ်နေသည်။ ထို့နောက် ရန်ပိုင်က ဒုတိယဂိုးကိုလည်းကောင်း၊ စည်သူဝင်းက တတိယဂိုးကိုလည်းကောင်း သွင်းယူကြသည်။

ယှဉ်ပြိုင်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် (ခ)အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မြောက်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆစ်ဒနီမြို့ ဘွန်ဒီကမ်းခြေအနီးသို့ ရောက်ရှိလာသည့် ဝေလငါးကြီးကို တွေ့ရစဉ်။ *(အင်တာနက်)*

ဆစ်ဒနီကမ်းခြေအနီးသို့ ဝေလငါးသားအမိ ရောက်ရှိ

ဆစ်ဒနီ ဩဂုတ် ၂

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ဘွန်ဒီကမ်းခြေတွင် ဝေလငါးသားအမိနှစ်ကောင် မြူးထူးနေသည့် ထူးထူးခြားခြားမြင်ကွင်းတစ်ရပ်ကို ဇူလိုင် ၃၀ရက်က ဒေသခံမြို့သူမြို့သားများမြင်တွေ့ခွင့်ရလိုက်ကြသည်။ ကမ်းခြေနှင့် မီတာ ၅၀ အကွာအဝေးခန့်အထိရောက်ရှိလာသော အဆိုပါဝေလငါးသားအမိ နှစ်ကောင်အနီးသို့ ရေလှိုင်းစီးသမားများက ချဉ်းကပ်ခဲ့ကြပြီး ကိုင်တွယ်ကြည့်ရန်ပင် စိတ်ကူးခဲ့ကြသည်ဟုလည်း ဒေသခံများက ပြောကြားသည်။

"သူတို့က ရေလှိုင်းစီးဘုတ်ပြားတွေနဲ့ ကိုယ်ဖော့ပြီး ငါးတွေနဲ့အတူတူ ရေကူးခဲ့တယ်"ဟုဒေသခံလှိုင်းစီးသမားတစ်ဦးကပြောကြားသည်။အဆိုပါဝေလငါးမျိုးများမှာ အရှည် ၁၈မီတာခန့်အထိ ကြီးထွားလေ့ရှိကြသည်။ ရေကူးရာတွင် နှေးကွေးခြင်းနှင့် ၎င်းတို့ကို သတ်ဖြတ်လိုက်ပါကလည်း ရေမျက်နှာပြင်ပေါ်တွင် ပေါ်နေတတ်ခြင်း စသည့်သဘာဝများကြောင့် ဝေလငါးဖမ်းသူများက မျက်စိကျလေ့ရှိသော ငါးမျိုးဖြစ်ကြောင်း သိရသည်။ ***(အင်တာနက်)***

လူနေအိမ်အလုံး ၂၃၀ အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ဇူလိုင် ၃၁ရက်တွင် i Love Myanmar မှ Executive Director, Ms. Levi Sap Nei Thang က လူနေအိမ်အလုံး ၂၃၀အတွက် FEC ၁၃၀၀၀၀ ကို ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်စည်စီးဆင်းမှုနှင့် ဒေသဖွံ့ဖြိုးမှု အကျိုးပြုမည့် သီပေါမြို့နယ်မှ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီး

သီပေါ ဒုဋ္ဌဝတီ မြစ်ကူးတံတားသစ်ကြီးကို ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှ စတင်ဆောက်လုပ်နေပြီဖြစ်သည်။

ပေအရှည် ၅၆၉ ပေနှင့် အကျယ် ၃၈ ပေ (ဘေးနှစ်ဖက် လူသွားလမ်းပါ တံတားကြီး) ဖြစ်သည်။ တင်နိုင်အား ကုန်အလေးချိန် တန် ၆၀ ဖြစ်ပြီး သံကူကွန်ကရစ်ဘုတ်တိုင် အုတ်မြစ် သံမဏိသံပေါင် တံတားသစ်ကြီးဖြစ်သည်။

သတင်း၊ ဓာတ်ပုံ-သီပေါကိုလတ်၏

(သတင်းဆောင်းပါး) စာမျက်နှာ-၅